# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၇)၊ အမှတ် (၁၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

## ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်ကြမည့်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

**နေပြည်တော် အောက်တိုဘာ ၁၆**

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခဲ့သဖြင့် ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သူများအနက် အောက်တိုဘာ ၁၆ရက်အထိ ပြန်လည်စေလွှတ်ပေးခဲ့သူပေါင်း ၂၄၅၉ ဦးရှိပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၆**

စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက်မှုများတွင် ဦးဆောင်ခဲ့သူ၊ ပါဝင်ခဲ့သူ၊ လိုက်ပါအားပေးခဲ့သူများအား ခေါ်ယူစစ်ဆေး မေးမြန်းလျက်ရှိရာ မသိနားမလည်၍ လူစုလူဝေးနှင့်အတူ ပါဝင်သွားသူများကိုလည်း ဥပဒေဖောက်ဖျက်မိသူများဖြစ်သောကြောင့် ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။

**ပြန်လည်စေလွှတ်**

ထိုသို့ စိစစ်ပြန်လည်စေလွှတ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၆ ရက်အထိ ရန်ကုန်မြို့တွင် ခေါ်ယူစစ်ဆေး မေးမြန်းခံရသူပေါင်း ၂၂၈၄ ဦးရှိပြီး စိစစ်၍ ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ပြီးသူပေါင်းမှာ ၂၀၉၄ ဦး ဖြစ်သည့်အတွက် ကျန်ရှိနေသူ ၁၉၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၆ရက် အထိ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ခေါ်ယူစစ်ဆေးမေးမြန်းခံရသူပေါင်း ၆၄၃ ဦးရှိပြီး စိစစ်၍ ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ပြီးသူပေါင်းမှာ ၃၆၅ ဦး ဖြစ်သည့်အတွက် ကျန်ရှိနေသူ ၂၇၈ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျန်ရှိနေသူများအားလည်း ဆက်လက်စစ်ဆေးမေးမြန်း စိစစ်၍ လွှတ်သင့်သူများကို ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြန်မာ့အလင်း**
**ဆောင်းပါး**
**အညွှန်း**

# ဓမ္မတ္တရာယ်လက်သစ်များနှင့် ကာလဝိပ္ပတ္တိ နိုင်ငံရေး အောက်လမ်းသမားများ

**သံဃာငယ်အချို့ လမ်းပေါ်ထွက်လာအောင် လုပ်ဆောင်ခဲ့မှုအပိုင်းတွေကိုပြန်လေ့လာကြည့်လိုက်ရင် သာသနာကို အရောင်ဆိုးခဲ့သူ သီလခါးကျိုး အတုအယောင် ဓမ္မန္တရာယ်လက်သစ်တွေနဲ့ ကာလဝိပ္ပတ္တိ နိုင်ငံရေး အောက်လမ်းသမားတွေဟာ ပြည်တွင်းက သံဃာငယ်တွေကို သူတို့လိုချင်တဲ့ လမ်းကြောင်းပေါ် တက်လာစေရေးအတွက် ဝါဒဖြန့် နည်းလမ်း (Propaganda) ကို မသုံးဘဲ စည်းရုံးလှုံ့ဆော်တဲ့နည်း (Agitation) ကို စနစ်တကျ လုပ်ဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။**

**ဖိုးသူတော်ရေချမ်း၏ ဆောင်းပါး (စာ ၈–၉ နှင့် ၁၀ )တွင် ဖတ်ရှုနိုင်ပါသည်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ လူငယ်တို့၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကို မြင့်မားစေ

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးနေခြင်းသည် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်ဖြစ်သည်။ ထို့ပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးအတွက်သာမက မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရှင်သန်ထွန်းကားပြန့်ပွားရေးကိုပါ ရည်မှန်းဖော်ဆောင်နေခြင်း ဖြစ်သည်။

၁၉၉၃ခုနှစ်မှ စတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ် (၁၅)ကြိမ်မြောက်ပြိုင်ပွဲကို နေပြည်တော်၌ စတင်ကျင်းပနေပြီ ဖြစ်သည်။ ပြိုင်ပွဲကြီးတွင် ကျင်းပနေကျ ပြိုင်ပွဲများအပြင် ပြဇာတ်၊ ကွက်စိပ်နှင့် ရတုပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်သူများသည် အနုပညာရပ်များ ပြန်လည်ဖော်ထုတ် တင်ဆက်ကြမည်ဖြစ်ရာ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွက်လာတော့မည် ဖြစ်သည်။

မြန်မာ့အနုပညာရပ်သည် မြန်မာ့သဘာဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် အဆင့်အတန်းမြင့်မားသော အနုသုခုမ ပညာရပ်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် နိုင်ငံသားတိုင်းက ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည့်အပြင် မြန်မာ့အတွေး အမြင်၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို ဆက်လက်ဖော်ထုတ် မြှင့်တင်သွားကြရမည် ဖြစ်သည်။

ဤကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးခြင်းဖြင့် လူငယ်တို့၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ခိုင်ကျည်စေမည့်အပြင် ရိုးရာယဉ်ကျေးမှု အမွေခံကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) အထူးတရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် သီတင်းကျွတ်လဆန်း ၈ရက်(အောက်တိုဘာ ၁၉ ရက်)တွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာခုကျောင်းတိုက် အောင်သုခဓမ္မာရုံကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားနာပရိသတ်များ မွန်းလွဲ ၁ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)



## မရမ်းကုန်း သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန်ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် မိုးမခလမ်း အမှတ်(၅၁)နေ မြို့နယ်ပညာရေးမှူး (ငြိမ်း) ဦးတင်ဦး-ဒေါ်ခင်သန်း မိသားစုက တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် ၂၀၁၀၀၀နှင့် စေတီတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်း ကပ်ရန် ၉လက်မ × ၉လက်မပတ်လည် ရွှေပြား ၁၀ ချပ်အတွက် ငွေကျပ် ၁၅၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၃၅၁၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးဟံညွန့်တို့က လက်ခံ ယူသည်။ **(အပေါ်ပုံ)**

### ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့်စေတီတော် ဂေါပကရုံး ဖုန်း- ၆၆၀၀၀၆၊ ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မူးယစ်ကင်းစင် အလှဆင်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၀၇

(ဗုဒ္ဓဟူးနေ့)

**AM & PM**

| | |
|---|---|
| ၇:၀၀ - ၁:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ - ၁:၀၅ | 'သံသရာဝဋ်ကြွေးဘယ်လိုပေးဆပ်မှာလဲ'တရားတော် (အရှင်နန္ဒဝံသ) (ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်) |
| ၈:၀၅ - ၂:၀၅ | ပါဝင်ဆင်နွှဲ မေတ္တာရိပ်၏ အလင်းလှူပွဲ |
| ၈:၂၅ - ၂:၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈:၅၅ - ၂:၅၅ | မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ (ပါမောက္ခ ဒေါက်တာစောနောင်) |
| ၉:၁၅ - ၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅ - ၃:၂၅ | မင်းကွန်းမြေမှ ကမ္ဘာကျော် ကြီးငါးကြီး |
| ၉:၄၅ - ၃:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ - ၃:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၅ - ၃:၅၅ | Say It In English |
| ၁၀:၁၀ - ၄:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ - ၄:၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၂၀ - ၄:၂၀ | Midweek Sports News |
| ၁၀:၃၅ - ၄:၃၅ | တေးဂီတအစီအစဉ် |
| ၁၀:၄၀ - ၄:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀ - ၄:၅၀ | သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) |
| ၁၁:၁၀ - ၅:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ - ၅:၁၅ | Good Health ကျန်းမာရေးပညာပေးဟောပြောပွဲ (ပါမောက္ခ ဒေါက်တာအောင်ကျော်ဇော)(အပိုင်း-၁) |
| ၁၁:၄၀ - ၅:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၅ - ၅:၄၅ | ကျော်ကြားထုတ်ကုန်စက်မှုဇုန် |
| ၁၂:၀၀ - ၆:၀၀ | တေးဂီတအစီအစဉ် |
| ၁၂:၀၅ - ၆:၀၅ | ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း-၂) |
| ၁၂:၁၅ - ၆:၁၅ | တေးဂီတအစီအစဉ် |
| ၁၂:၂၀ - ၆:၂၀ | International Video Topics (အာဖရိကတိုက်မှ တောရိုင်းတိရစ္ဆာန်များ) |
| ၁:၀၀ - ၇:၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြဝတီရုပ်မြင်သံကြား

၁၇-၁၀-၂၀၀၇

(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၅:၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၄၃) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း-၉) |



**ဦးမောင်မောင်တင်-ဒေါ်သန်းရင်တို့အား ရည်စူး၍ သားသမီးများဖြစ်သော အမှတ်၃၈ သံလွင်လမ်းနှင့် ခေတ္တ U.S.A နေ ဦးညွန့်ဝင်း (ရုပ်ရှင်) - ဒေါ်မော်လီ(ခ) ဒေါ်ခင်အေးမူ၊ ဒေါ်မို့မို့မိသားစုနှင့် ဒေါ်ရွှေနီ၊ ဒေါ်ရွှေတိုး မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မျက်စိအတွင်းထည့်မှန်ဘီလူး (I.O.L)အတွက် အလှူငွေကျပ် ၃၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။** (က-ပ)



(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီနာယက ခေတ္တနိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်ကြမည့် အသက်(၆၅)နှစ် အထက် သဘင်နှင့် ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)



## ＊ ရှေ့ဖုံးမှ

ထိုနှုတ်ဆက်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဦးစီးကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ဆပ်ကော်မတီအသီးသီးတို့မှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် ပြည်နယ်နှင့် တိုင်းများမှအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ တက်ရောက်ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီနာယက ခေတ္တနိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

### လက်ဆောင်ပေးအပ်

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီနာယက ခေတ္တနိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်ကြမည့် အသက်(၆၅)နှစ်အထက် သဘင်နှင့် ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်သည်။

**(သတင်းစဉ်)**

# (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

**(၁)** ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

**(၂)** အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

**(၃)** မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

**(၄)** လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်း စေရန်။

**(၅)** တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။



# ၂၀၀၇ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကျင်းပ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၆

**၂၀၀၇ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ အမှာစကားပြောကြားသည်။**

စာမျက်နှာ ၁၂ ကော်လံ ၅



**သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၊ စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများ၌ ထူးချွန်ဆု ရရှိသူများကို ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၊ စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများ၌ ထူးချွန်ဆု ရရှိသူများကို ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၊ စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများ၌ ထူးချွန်ဆု ရရှိသူများကို ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီး မန္တလေးတိုင်း မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးကို အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီက မန္တလေးတိုင်း မန္တလေးမြို့ရှိ ဗထူးအားကစားကွင်း၌ မန္တလေးတိုင်းမှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



## လူထုအစည်းအဝေးကြီး

**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးကို မန္တလေးတိုင်း မန္တလေးမြို့ရှိ ဗထူးအားကစားကွင်း၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## တက်ရောက်

အဆိုပါ ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးသို့ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် နေပြည်တော် ပျဉ်းမနားခရိုင်တို့ရှိ မြို့နယ်(၃၁)မြို့နယ်တို့မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ မန္တလေးစက်မှုလက်မှုသင်တန်းကျောင်း၊ အမရပူရမြို့နယ်ရှိ တိုင်းရင်းသားလူငယ်များ၊ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ မန္တလေးပညာရေးကောလိပ်နှင့် မန္တလေးမြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ကြသည့် မန္တလေးတိုင်းမှ ညီလာခံကိုယ်စားလှယ်များ နုတ်ထွက် NLDများ၊ ဝံသာနု NLDများ၊ လူငယ် NLDများ၊ သူနာပြုများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၃၈၀၀၀ကျော် အင်တိုက်အားတိုက် တစ်ခဲနက်တက်ရောက်ကြသည်။

## နေရာယူ

လူထုအစည်းအဝေးကြီး မစတင်မီ နံနက် ၅နာရီမှစတင်၍ သတ်မှတ်နေရာအသီးသီး၌ စုရုံးရောက်ရှိကြပြီး စစ်ကြောင်းမှူး မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေ ဦးဆောင်သည့် မန္တလေးခရိုင် စစ်ကြောင်းသည် မန္တလေးပြည်သူ့ဆေးရုံကြီးအနီးရှိ လမ်း ၃၀ နှင့် ၇၄လမ်းထောင့် စုရပ်မှ ၇၄လမ်း၊ လမ်း ၃၀၊ ၇၁လမ်းအတိုင်း စနစ်တကျ ချီတက်လာပြီး ဗထူးအားကစားကွင်း အထူးတန်းဝင်ပေါက်မှလည်းကောင်း၊ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင် ဦးဆောင်သည့် ကျောက်ဆည်ခရိုင် စစ်ကြောင်းသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအနီး ၂၆လမ်းနှင့် ၇၆လမ်းထောင့် စုရပ်မှ ၇၁လမ်း၊ ၂၉လမ်းအတိုင်း စနစ်တကျ ချီတက်လာပြီး ဗထူးအားကစားကွင်း မြောက်ဘက်ဝင်ပေါက်မှလည်းကောင်း၊ ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဝင်း ဦးဆောင်သည့် ပြင်ဦးလွင်ခရိုင် စစ်ကြောင်းသည် မန္တလေးမြို့ မင်္ဂလာဈေးအနီး ၇၃လမ်းနှင့် လမ်း ၃၀ထောင့် စုရပ်မှ လမ်း ၃၀အတိုင်း၊ စနစ်တကျ ချီတက်လာပြီး ဗထူးအားကစားကွင်း တောင်ဘက်ဝင်ပေါက်မှလည်းကောင်း၊ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံ ဦးဆောင်သည့် မြင်းခြံခရိုင် စစ်ကြောင်းသည် မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအနီး လမ်း ၃၀နှင့် လမ်း ၇၀ထောင့်စုရပ်မှ လမ်း၃၀အတိုင်း စနစ်တကျ ချီတက်လာပြီး ဗထူးအားကစားကွင်း အရှေ့ဘက်ဝင်ပေါက်မှလည်းကောင်း၊ ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင် ဦးဆောင်သည့် ညောင်ဦးခရိုင် စစ်ကြောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးအနီး ၂၇ လမ်းနှင့် ၇၃ လမ်းထောင့် စုရပ်မှ ၇၃ လမ်း၊ ၂၉ လမ်းအတိုင်း စနစ်တကျ ချီတက်လာပြီး ဗထူးအားကစားကွင်း မြောက်ဘက်ဝင်ပေါက်မှလည်းကောင်း၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး ဦးဆောင်သည့် မိတ္ထီလာခရိုင် စစ်ကြောင်းသည် ၂၈လမ်းနှင့် ၆၈လမ်းထောင့်ရှိ ရဲသိပ္ပံစစ်ရေးပြကွင်းမှ ၂၈လမ်း၊ လမ်း ၇၀၊ ၂၉ လမ်းအတိုင်း စနစ်တကျ ချီတက်လာပြီး ဗထူး အားကစားကွင်း မြောက်ဘက် ဝင်ပေါက်မှလည်းကောင်း၊ ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဆွေ ဦးဆောင်သည့် ရမည်းသင်းခရိုင် စစ်ကြောင်းသည် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံးအနီး ၂၇ လမ်း၊ လမ်း ၇၀ စုရပ်မှ ၂၇ လမ်း၊ လမ်း ၇၀၊ ၂၉ လမ်းအတိုင်း စနစ်တကျ ချီတက်လာပြီး ဗထူး အားကစားကွင်း မြောက်ဘက်ဝင်ပေါက်မှလည်းကောင်း၊ နေပြည်တော် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေး ဦးဆောင်သည့် နေပြည်တော် ပျဉ်းမနားခရိုင် စစ်ကြောင်းသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)အသင်းတိုက်အနီးရှိ ၃၁ လမ်းနှင့် လမ်း ၇၀ ထောင့် စုရပ်မှ ၃၁ လမ်း၊ လမ်း ၃၀အတိုင်း စနစ်တကျ ချီတက်လာပြီး ဗထူးအားကစားကွင်း တောင်ဘက်ဝင်ပေါက်မှလည်းကောင်း ဝင်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

## သဘာပတိ

လူထုအစည်းအဝေးကြီးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)နာယက မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကိုလေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာကျော်လှ၊ ဓာတုဗေဒ(ငြိမ်းပါမောက္ခ) ဦးတင်မောင်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးသန့်၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦး၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင် ဒေါ်မိမိ



**မန္တလေးတိုင်း မန္တလေးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးတွင် အခမ်းအနားမှူးအဖြစ် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကေခိုင်စိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးအောင်တို့ ဆောင်ရွက်ကြစဉ်။**

(သတင်းစဉ်)

လေးနှင့် မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာရေးနယ်မြေ)အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း(အငြိမ်းစား)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကေခိုင်စိုးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးအောင်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ လူထုအစည်းအဝေးကြီး စတင်ကျင်းပကြောင်း ကြေညာပြီး မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဦးဗိုလ်မင်း ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

## ကြိုးပမ်းဆောင်ရွက်

ထို့နောက် လူထုအစည်းအဝေးကြီး သဘာပတိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)နာယက မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကိုလေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခု တက်ရောက်လာသူများအားလုံးသည် ဆူပူမှုကိုမလိုလားသူများ၊ အေးချမ်းတည်ငြိမ်မှုကို လိုလားသူများ၊ ဖွံ့ဖြိုးတိုးတက်နေမှုကို အပျက်မခံနိုင်သူများ၊ လမ်းစဉ် (၇)ရပ် ဆက်လက်အောင်မြင်ရေးကို လိုလားသူများ၊ စိတ်တူကိုယ်တူ စုဝေးရောက်ရှိလာသူများဖြစ်ကြောင်း၊ တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းတာဝန်ယူပြီးသည့် အချိန်ကစပြီး ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်လာခဲ့ကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ထူထောင်ရေးကိုလည်း မိမိတို့ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒသဘောထားနှင့်အညီ အခိုင်အမာချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏တာဝန်ကို မလွှဲသာမရှောင်သာ ထိန်းသိမ်းစောင့်ရှောက်တာဝန်ယူထားရသော်လည်း နိုင်ငံတော်၏အာဏာကို မူလပိုင်ရှင်အစစ်ဖြစ်သည့် ပြည်သူလူထုထံ သိမ်မွေ့ညင်သာစွာဖြင့် ပြန်လည်အပ်နှံရန် မမေ့မလျော့ ဆောင်ရွက်လျက်ရှိသည်ကို မိမိတို့အားလုံး အမြင်အတွေ့ပင်ဖြစ်ကြောင်း၊ ထိုသို့ ပြန်လည်အပ်နှံသည့်နေရာတွင် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ် အဓိကလိုအပ်ချက်ဖြစ်သည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုပြဋ္ဌာန်းပြီး ဆောင်ရွက်နိုင်ရန် တစိုက်မတ်မတ်အစီအစဉ်ရှိရှိ ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် လွတ်လပ်သည့် မည်သည့်နိုင်ငံတွင်ဖြစ်ဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ ရှိရစမြဲဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏အသက်၊ တိုင်းရင်းသားပြည်သူများ၏ ဘဝဖြစ်ကြောင်း။

## တက်ညီလက်ညီလက်တွဲ

အမျိုးသားညီလာခံက ချမှတ်ပေးထားသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ ပိုင်းခြားကျင့်သုံးရာတွင်လည်းကောင်း၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရာတွင်လည်းကောင်း၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပြည့်စုံစွာ ရရှိရေးတွင်လည်းကောင်း၊ စံပြုထိုက်သော မူများဖြစ်ကြောင်းကို အထင်အရှားတွေ့ရှိရကြောင်း၊ ထိုမူများနှင့်အညီ ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားပြီးဖြစ်သည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်းလက်တွဲပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရင်း နိုင်ငံတော်နှင့်မိမိတို့ ပြည်သူတစ်ရပ်လုံး၏ ရည်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မလွဲမသွေဖြစ်ထွန်း ပေါ်ပေါက်လာတော့မည်လည်း ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် အမျိုးသားညီလာခံကြီးက ချမှတ်ပေးသည့် မူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းရန် ဝမ်းမြောက်ဝမ်းသာမျှော်လင့်စောင့်စားနေကြသည့် အချိန်ဖြစ်ကြောင်း၊ မိမိတို့ မန္တလေးတိုင်းအတွင်းက ပြည်သူလူထုကြီး၏ ဆန္ဒကလည်း အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် မူများနှင့်အညီ ရေးဆွဲပေါ်ပေါက်လာတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားရေးအသိနှင့်ဝိုင်းဝန်းပြီး အတည်ပြုနိုင်ရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်းကို မိမိတို့အားလုံး အလေးအနက် ယုံကြည်ခံယူထားကြပြီးဖြစ်ကြောင်း။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးတွင် သဘာပတိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) နာယက မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကိုလေး အဖွင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတို့ လိုလားတောင့်တသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးပန်းတိုင်ကိုလည်း လုံးဝမျက်ခြည်ပြတ်မခံခဲ့ကြောင်းကို တွေ့ရှိရကြောင်း၊ ထိုသို့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်မည်ဆိုလျှင် မရှိမဖြစ်လိုအပ်သည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲရန် လိုအပ်ကြောင်း၊ တပ်မတော်အစိုးရက ယုံကြည်ခံယူထားသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံကို မည်သည့်ပုံစံနှင့် တည်ဆောက်မည်၊ နိုင်ငံတော်အာဏာသုံးရပ်ကို မည်သူမည်ဝါ၊ မည်သည့်အဖွဲ့အစည်းများက မည်သို့မည်ပုံ ကျင့်သုံးရမည်၊ နိုင်ငံသားအခွင့်အရေးနှင့်တာဝန်များ စသည့်အချက်များကို တိတိကျကျ ထည့်သွင်းချမှတ်ပေးထားသည်ကို လေ့လာတွေ့ရှိရကြောင်း။

**အလေးအနက်ယုံကြည်**

ပြီးစီးသွားပြီဖြစ်သည့် အမျိုးသားညီလာခံကြီးတွင် လူထုလူတန်းစားပေါင်းစုံ အစုအဖွဲ့ရှစ်ခုက ကိုယ်စားလှယ်များသည် အတိတ်သမိုင်း၏ သင်ခန်းစာများနှင့် ပစ္စုပ္ပန်၏ အခြေအနေအရပ်ရပ်ကို ထောက်ရှုကာ အနာဂတ်အရေးတွေးတောမြော်မြင်ပြီး အပြန်ပြန်အလှန်လှန်၊ အကြိမ်ကြိမ် တိုင်ပင်ညှိနှိုင်းကြပြီးမှသာ အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ပါဝင်ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံနှင့် အဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်များသည် စေရန် စီတန်းလှည့်လည် ဆန္ဒပြမှုများဖြစ်အောင် စည်းရုံးလှုံ့ဆော်ပြုလုပ်လာခဲ့ကြောင်း၊ ထိုဆန္ဒပြလှုပ်ရှားမှုများတွင် NLD ပါတီက အဖွဲ့ဝင်များကိုယ်တိုင်ပါဝင်ခြင်း၊ အားပေးအားမြှောက်ပြုလုပ်နေခဲ့ကြောင်း၊ ၎င်းတို့ဆရာတင်ထားသည့်နိုင်ငံကြီးများ၏ RFA, VOA, BBC, DVB အသံလွှင့်ဌာနများကလည်း (၁၀)ဦးပင် ရှိသည်ကို သောင်းဂဏန်း၊ သိန်းဂဏန်းထိရှိသယောင် ပုံကြီးချဲ့ထုတ်လွှင့်နေသကဲ့သို့ တကယ်မဖြစ်သည်ကိုလည်း ဖြစ်သယောင်ယောင် တကယ်မရှိသည်ကိုလည်း ရှိသယောင်ယောင် လုပ်ကြံဖန်တီးသွေးထိုးလှုံ့ဆော်မှု များနှင့် ပြည်သူလူထုကို ထိန်လန့်တုန်လှုပ်ချောက်ချားရန် ပြုလုပ်ခဲ့ခြင်းကို မြင်တွေ့ခဲ့ရကြောင်း တည်ငြိမ်မှုကိုလိုလားသည့်၊ အေးချမ်းမှုကို လိုလားသည့် ဆူပူအကြမ်းဖက်မှုကို မလိုလားသော မိမိတို့ ပြည်သူလူထုအနေဖြင့် တစ်ဦးတစ်ယောက်မှ ပူးပေါင်းပါဝင်ထောက်ခံခြင်း မပြုလုပ်ခဲ့ကြကြောင်း၊ ၎င်းအလိုကျ ရုပ်သေးအစိုးရဖွဲ့ပေးလိုသည့် အင်အားကြီးနိုင်ငံနှင့် အာဏာမက်၊ ဒေါ်လာမက်သည့် ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးများ၏ ဖောက်ပြန်မှားယွင်းသော လုပ်ရပ်များကို မိမိမန္တလေးတိုင်း ပြည်သူလူထုကြီးက ပြင်းထန်စွာရှုတ်ချကန့်ကွက်ပါကြောင်း။

ဆန္ဒပြဆူပူသူလူတစ်စုက **"ကုန်ဈေးနှုန်းကျဆင်းရေး"** ဆိုပြီး အော်ဟစ်ကြွေးကြော်ကြသော်လည်း အမှန်တကယ်တွင် စက်သုံးဆီဈေးနှုန်း တိုးမြှင့်၍ ကုန်ဈေးနှုန်းတက်ခြင်းမဟုတ်ဘဲ ၎င်းတို့၏ အဖျက်သမားများ ဆူပူအုံကြွလမ်းလျှောက်ဆန္ဒပြကြသဖြင့်သာ အသွားအလာများပျက်၊ အရောင်းအဝယ်များပျက်ပြီး ကုန်ဈေးနှုန်းတက်လာရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ဈေးနှုန်းတက်ရခြင်း၏ အမှန်တရားခံအစစ်သည် ပြည်ပက စီးပွားရေး ပိတ်ဆို့မှုများ ပြုလုပ်ပေးရန် တောင်းဆိုခဲ့ရုံသာမက ဆူပူဆန္ဒပြမှုများ ဖြစ်ပွားရန် စည်းရုံး

# မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် နိုင်ငံကြီးများနှင့် ယင်းနိုင်ငံကြီးများ၏အကြိုက် လိမ်လည်လှည့်ဖြားထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများကို ရှုတ်ချကန့်ကွက်

**စာမျက်နှာ ၄ မှ**

ထို့ကြောင့် အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား မြန်မာနိုင်ငံ တစ်ဝန်းလုံးက ပြည်သူများနှင့်အတူ မန္တလေးတိုင်းမှ ပြည်သူလူထုကြီးကလည်း တစ်စိတ်တစ်ဝမ်းတည်းထောက်ခံ ကြိုဆိုကြပါဟု တိုက်တွန်းပြောကြားသည်။



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့် ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချ ကန့်ကွက်ကြောင်းအဆိုကို မန္တလေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးမြင့်ဖတ်ကြားတင်သွင်းစဉ်။**

(သတင်းစဉ်)

**မရှိမဖြစ်လိုအပ်**

ဆက်လက်၍ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးမြင့်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန် လုပ်ကြံလှုံ့ဆော် ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို ဖတ်ကြားတင်သွင်းရာတွင် မိမိတို့မြန်မာနိုင်ငံတွင် တပ်မတော်က နိုင်ငံ၏တာဝန်ကို လွှဲပြောင်းရယူခဲ့ရပြီးသည့်နောက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို မနားမနေ ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုများကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဘက်စုံကဏ္ဍစုံက အံ့သြစရာကောင်းလောက်အောင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို မိမိတို့အားလုံး မြင်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍကိုပင်ကြည့်ကြည့်၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုပင်ကြည့်ကြည့်၊ စက်မှုလက်မှုကဏ္ဍကိုပင် ကြည့်ကြည့်၊ ဆက်သွယ်ရေးကဏ္ဍကိုပင်ကြည့်ကြည့်၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍကိုပင်ကြည့်ကြည့် နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများ အပါအဝင် နေရာဒေသတိုင်းတွင် လက်ညှိုးထိုးမလွဲအောင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ကြောင်း၊ တိုးတက်မှု၏ အသီးအပွင့်များကို မိမိတို့ ပြည်သူအားလုံး ခံစား၊စံစားနေရပြီး မိမိတို့ မန္တလေးတိုင်းအတွင်းက ဒေသအသီးသီးတွင်လည်း အရင်ခေတ်များနှင့် ယခုခေတ်အခြေအနေကို နှိုင်းယှဉ်ကြည့်လျှင် မည်မျှအထိ ပြောင်းလဲတိုးတက်လာသည်ဆိုသည်ကို တက်ရောက်လာကြသည့် ပြည်သူလူထုကြီးအားလုံး မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် မိမိတို့မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုလည်း ရရှိလာပြီး စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ တည်ရှိနေပြီဖြစ်ကြောင်း၊ အတွေးအခေါ်အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုး ကိုယ်စီကိုယ်ငရှိကြမည်ဖြစ်သော်လည်း ပြည်ထောင်စုကြီး၏အကျိုးကို ဦးထိပ်ထားပြီး ညှိနှိုင်းဆွေးနွေးအကြံပေးခဲ့ကြသည့်အတွက်လည်း အလွန်လက်တွေ့ကျ ကောင်းမွန်သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ရရှိကြခြင်းဖြစ်ကြောင်း၊ ယခုချမှတ်ပေးထားချက်များသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို အထူးတလည်ပေးအပ်ထားခြင်းကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ရေရှည်



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်သောင်းနှင်း ထောက်ခံဆွေးနွေးစဉ်။**

(သတင်းစဉ်)

တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို လုံးဝအာမခံချက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်မည်ဆိုသည်ကို အလေးအနက် ယုံကြည်ကြောင်း။

ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို တစ်နိုင်ငံလုံးက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် တစ်ခဲနက်အတည်ပြုပြီးသည့်အချိန်တွင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသော **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး"**ဟု ကမ္ဘာ့အလယ်တွင် ကြွားကြွားဝင့်ဝင့် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါဖြင့် ပေါ်ပေါက်လာမည်မှာ ဧကန်မလွဲဖြစ်ကြောင်းကို ကြိုတင်မြင်ယောင်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြကြောင်း။

**ဆန့်ကျင်လှုပ်ရှား**

ထိုအချိန်တွင် အာဏာကိုဖြတ်လမ်းက အချောင်ရလိုသူ ပြည်တွင်း ဆန့်ကျင်ရေးသမားများက အမျိုးသားညီလာခံကြီးကျင်းပနေစဉ် ကာလကလည်း အချိန်ဆွဲနေသည်ဟု ပုတ်ခတ်ဝေဖန်သကဲ့သို့ ယနေ့အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆက်လက်ရေးဆွဲအတည်မပြုနိုင်ရန် (၈၈)အရေးအခင်းကဲ့သို့ ဆူပူမှုများ၊ အကြမ်းဖက်မှုနည်းများနှင့် ပြုလုပ်ဖျက်ဆီးရန် ဖန်တီးရှာကြံလာခဲ့ကြကြောင်း၊ တိုင်းပြည်ဆူပူမှု၊ တိုင်းပြည်ပျက်မှ၊ ပြည်သူများ ဒုက္ခရောက်မှ သူတို့ အာဏာရမည်ဆိုသည့် အယူအဆကိုစွဲကိုင်ပြီး လတ်တလော ဖြစ်ပေါ်လာသော စက်သုံးဆီဈေးနှုန်းတိုးမြှင့်ခဲ့မှုကို အကွက်ကောင်းယူအကြောင်းပြပြီး အစိုးရကိုဆန့်ကျင်လှုပ်ရှားမှုများ ပြုလုပ်လာခဲ့ကြောင်း၊ လက်ရှိအစိုးရပြုတ်ကျပြီး သူတို့ အာဏာရရှိရေး တစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ အာဏာရရှိရေးအတွက်ဆိုလျှင် မည်သည့် ဆင်ခြင်တုံတရားမှ မရှိသည်ကိုလည်း မြင်တွေ့ရကြောင်း၊ မကြာမီကဆိုလျှင် ရဟန်းသံဃာအချို့ကို ခုတုံးလုပ်အသုံးချပြီး တိုင်းဆူပြည်ဖျက်ဖြစ်လှုံ့ဆော်ပြီး ပူးပေါင်းပါဝင်ခဲ့သည့် NLD ပါတီနှင့် ဇာတိမျိုးဆက်ဆိုသူများသာ ဖြစ်ကြောင်းကို ပွင့်ပွင့်လင်းလင်း တင်ပြလိုက်ပါကြောင်း။

**တစ်ဆက်တည်း တင်ပြလိုသည်မှာ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက နေရာအချို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများတွင် ဦးဆောင်ပါဝင်အားပေးခဲ့သူ ရဟန်းနှင့်သာမဏေများအား ဖော်ထုတ်ကာ ရဟန်းအစစ်နှင့် သံဃာအတုအယောင်များ ခွဲခြားစိစစ်၍ အေးဆေးစွာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် တပ်မတော်အစိုးရသည် ဆူပူဆန္ဒပြအကြမ်းဖက်လုပ်ရပ်များကို သည်းခံစိတ်ရှည်စွာဖြင့် ညင်ညင်သာသာ ထိန်းသိမ်းအရေးယူလျက်ရှိခြင်းကို သိသာထင်ရှားလှကြောင်း။**

**ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးက ပြည်သူများသည် မိမိတို့ နိုင်ငံနှင့်လူမျိုးတို့၏ အနာဂတ်ဘဝလှပရန် ဖော်ဆောင်ဖန်တီးပေးမည့် အမျိုးသား ညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုအစည်းအဝေးကြီးများ ကျင်းပပြီး ခြိမ့်ခြိမ့်သဲသဲ တစ်ခဲနက် ထောက်ခံကြိုဆိုနေကြကြောင်း၊ တည်ငြိမ်အေးချမ်းမှုကိုလိုလားပြီး ဆူပူဆန္ဒပြအကြမ်းဖက်မှု မလိုလားသည့် ပြည်သူများကလည်း မိမိတို့၏ ဆန္ဒသဘောထားအမှန်ကို ထုတ်ဖော်တင်ပြနေကြကြောင်း၊ မိမိတို့ မန္တလေးတိုင်းရှိ ခရိုင်(၈)ခု၊ မြို့နယ် (၃၁)မြို့နယ်တို့မှ ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် နိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန် လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းဖြင့် အဆိုကိုတင်သွင်းသည်။**

**များစွာကျေနပ်အားရ**

ထို့နောက် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်သောင်းနှင်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန် လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများထဲမှ "အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းမှာ" မြန်မာအမျိုးသမီးထုအတွက် ခိုင်မာ၍ တူညီသော ဘဝအာမခံချက်များ ထည့်သွင်းရေးဆွဲထားသည်ကို လေ့လာတွေ့ရှိရသည့်အပြင် လူမျိုးခွဲခြားမှု၊ အမျိုးသား အမျိုးသမီးခွဲခြားမှု၊ ဘာသာခွဲခြားမှု မရှိဘူးဆိုသော အချက်များကို ထည့်သွင်းရေးဆွဲချမှတ်ပေးထားသည့်အတွက် များစွာကျေနပ်အားရမိကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်မှာ မိမိတို့ အမျိုးသမီးများဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အရေးပါသည့်အခန်းက ပါဝင်လျက်ရှိကြောင်း။

ယနေ့ဆိုလျှင် မြန်မာအမျိုးသမီးများ ကိုယ်တိုင်ဦးဆောင်ပြီး အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တစ်ဖက်တစ်လမ်းက ပါဝင်ကြိုးပမ်းဆောင်ရွက်နေသည့် လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အနေဖြင့် မည်သည့်ခေတ် မည်သည့်အခါကမှ မပေါ်ပေါက်ခဲ့ဖူးသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှာ ခိုင်မာစွာ ရပ်တည်နေပြီဖြစ်ကြောင်း၊ ပြီးစီးသွားပြီးဖြစ်သည့် အမျိုးသားညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်များအဖြစ် မိမိတို့အမျိုးသမီးများအပါအဝင် တက်ရောက်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အကြံပြုဆွေးနွေးခွင့်များ ရရှိခဲ့ကြ၍ အတိုင်းမသိ ဝမ်းမြောက်လှကြောင်း။

မိမိတို့အမျိုးသမီးထုကြီးတစ်ရပ်လုံးကလည်း ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမျိုးဘာသာ၊ သာသနာ မပျောက်ကွယ်ရေး၊ မြန်မာ့

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

17-10 (05) 1 10/17/07, 1:50 AM

**စာမျက်နှာ ၅ မှ**

စာပေနှင့်မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ မပျောက်ပျက်ရေး၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြမှာဖြစ်ကြောင်း။

## အောင်ပွဲဆင်ပြီးမြောက်

ယနေ့အချိန်တွင် မိမိတို့မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံးသည် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်ရန် ရှေ့ဆက်ရမည့် ခရီးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးထားသည့်မူများနှင့်အညီ ရှင်လန်းတက်ကြွစွာဖြင့် ရေးသားပြုစုနေသည့် မင်္ဂလာရှိသောအခါသမယဖြစ်ကြောင်း၊ သို့သော် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသွားခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတော့မည်ကို ပြည်ပနယ်ချဲ့နိုင်ငံကြီးများနှင့် ပြည်တွင်းက အာဏာငန်းဖမ်းခံထားရသည့်အဖွဲ့အစည်းတို့က ပြင်းထန်စွာ နာကြည်းခံစားနေကြသည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့ နည်းလမ်းမျိုးစုံသုံးပြီး ဖျက်ဆီးနေသည့်ကြားက မိမိတို့ ပြည်သူလူထု၏ ထောက်ခံမှုရရှိနေသည့် အမျိုးသားညီလာခံအောင်ပွဲဆင် ပြီးမြောက်သွားသည်ကို အတော်ပင်ကြိတ်မနိုင်ခဲမရ ဖြစ်နေကြကြောင်း။

တိုင်းပြည်၏ မျက်နှာကို မထောက်၊ အမျိုးကိုသစ္စာဖောက်၊တိုင်းတစ်ပါး၏ သစ္စာကိုခံပြီး အာဏာရလိုမှုနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆူပူသောင်းကျန်းမှုများကို ဖန်တီးသည့် အဖွဲ့အစည်းများ၏ ရပ်တည်ခွင့်ကို စဉ်းစားသင့်ပါကြောင်း။



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံလုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့် ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် ဦးကိုကိုဦး ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

အခြားတစ်ချက် တင်ပြလိုသည်မှာ မိမိတို့ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအများစု ကိုးကွယ်သည့်နိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာကို ပိုမိုထွန်းကားပြန့်ပွားအောင် တပ်မတော်အစိုးရက အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်ပေးပြီး တိပိဋကတ်စာမေးပွဲ အဆင့်ဆင့်ကိုလည်း ကျင်းပပေးလျက်ရှိကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကြီးများကိုလည်း မပျက်မကွက် ကျင်းပချီးမြှောက် ပူဇော်လျက်ရှိကြောင်း၊ ဘုရား၊ ကျောင်းကန်အများအပြားကိုလည်း မြန်မာနိုင်ငံအနှံ့အပြားမှာ ဆည်းကပ်ကိုးကွယ်နိုင်အောင် တည်ထားပေးလျက်ရှိသည်ကို ပြည်သူလူထုကြီး မြင်တွေ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ မကြာသေးမီ နှစ်များအတွင်းက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ဗုဒ္ဓဘာသာနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် ဆရာတော်ကြီးများ ပါဝင်တက်ရောက်ပြီး ခြိမ့်ခြိမ့်သဲသဲကျင်းပနိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် မည်မျှအထိ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်ဆိုသည်ကို သိသာထင်ရှားလှကြောင်း။

## လုပ်ကြံဖန်တီးထုတ်လွှင့်

သို့သော် မကြာခင်က ဖြစ်ပွားခဲ့သည့် သံဃာအချို့ လမ်းလျှောက်ဆန္ဒပြမှုနှင့်ပတ်သက်ပြီး အင်အားကြီးနိုင်ငံ၏ အသံလွှင့်ဌာနအမျိုးမျိုးက တပ်မတော်အစိုးရသည် ဗုဒ္ဓဘာသာကိုနှိမ်နင်းသလို သဘောမျိုးသက်ရောက်အောင် အချို့သောဗုဒ္ဓဘာသာဝင်နိုင်ငံများကပါ အထင်အမြင်လွဲမှားအောင် လုပ်ကြံဖန်တီး လွှင့်ထုတ်မှုများ ပြုလုပ်လာကြောင်း၊ အမှန်တကယ်ဖြစ်ပွားခဲ့သည့် အခြေအနေအရပ်ရပ်ကို ကြွရောက်လာသည့် ပြည်သူလူထုကြီးအားလုံး သိရှိပြီးဖြစ်ကြောင်း၊ ယင်းသို့ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံဖန်တီး၊ သားပုပ်လေလွင့် ချဲ့ကားပြောဆိုနေသည်များကို ဗုဒ္ဓဘာသာနိုင်ငံများကလည်း ချင့်ချင့်ချိန်ချိန်သုံးသပ်ပြီး လက်ခံကြရန် ဤနေရာမှ တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သတ်မှတ်ထားသော တည်ဆဲဥပဒေများကိုဖောက်ဖျက်ကျူးလွန်ပြီး သာသနာတော်၏ဂုဏ်ကျက်သရေ ညှိုးနွမ်းမှေးမှိန်အောင် ဖျက်ဆီးသူများအား ထိရောက်စွာ အရေးယူသင့်ကြောင်း ထပ်မံတင်ပြလိုကြောင်း။

နယ်ချဲ့နိုင်ငံကြီးကလည်း မြန်မာနိုင်ငံတွင် ယင်းတို့၏ ရုပ်သေးအစိုးရတင်မြှောက်ရေးစီမံကိန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ မည်သို့မျှမဖြစ်နိုင်သည်ကို သိရှိလာသည့်အခါ ဒေါသူပုန်အကြီးအကျယ်ထပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို သဲသဲမဲမဲ ဝင်ရောက်စွက်ဖက်လာသည်ကို တွေ့ရှိနေရကြောင်း၊ ယင်းတို့ နိုင်ငံတွင်အခြေစိုက်ထားသည့် VOA, RFA နှင့် DVB အသံလွှင့်ဌာနများကိုအသုံးပြုပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်မွှေနှောက်ခလောက်ဆန်ခဲ့ကြောင်း၊ ယင်းတို့၏ မိတ်ဖက်နိုင်ငံဖြစ်သည့် BBC အသံလွှင့်ဌာနကလည်း ပုံကြီးချဲ့လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်မှုများကို ကူညီပံ့ပိုးထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအရှိတရားအပေါ်မှာ မျက်မြင်ကိုယ်တွေ့ခံစားနေထိုင်ကြသည့် မိမိတို့ ပြည်သူတစ်ရပ်လုံးမှာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည့် နိုင်ငံကြီး၏ လုပ်ရပ်ကိုဆန့်ကျင်ကန့်ကွက်သကဲ့သို့ လက်ဝေခံ ရန်တိုက်သပ်လျှိုသွေးခွဲထုတ်လွှင့်ပေးနေမှုများကို ရှုတ်ချကန့်ကွက်ကြောင်း၊ တိတိလင်းလင်းပင် ပြောလိုကြောင်း။

## ရှုတ်ချကန့်ကွက်

ထို့ပြင် မိမိတို့အမျိုးသမီးထုတစ်ရပ်လုံးအနေနှင့် မကြာမီဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရေးတွင် ဟန့်တားနှောင့်ယှက်နေသည့် ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကိုကာကွယ်တားဆီးပြီး အောင်မြင်သည်အထိစွမ်းစွမ်းတမံပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ကတိပြုပြောကြားရင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မန္တလေးခရိုင်မှ ဦးမျိုးမြင့်တင်သွင်းသွားသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် နိုင်ငံကြီးများနှင့် ယင်းနိုင်ငံကြီး၏အကြိုက် လိမ်ညာလုပ်ကြံဖြားထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများကို ပြစ်တင်ရှုတ်ချကြောင်းအဆိုကို ခြွင်းချက်မရှိထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် ဦးကိုကိုဦးက အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏လုပ်ရပ်အပြင် မဟုတ်မမှန် လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ လုပ်ရပ်များကိုရှုတ်ချကန့်ကွက်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးမှာ အနာဂတ်တွင်ဖြစ်ထွန်းပေါ်ပေါက်လာမည့် နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ကြီးဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ ခိုင်မာသည့် အခြေခံအုတ်မြစ်လည်းဖြစ်ကြောင်း။



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို မဟာအောင်မြေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မြကေသွယ် ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

## အာမခံချက်ပေးနိုင်

ပေါ်ပေါက်လာမည့် အခြေခံဥပဒေသည် တစ်မျိုးသားလုံး၏ဘဝသာယာဝပြောရေးနှင့် တိုင်းပြည်၏ အရေး(၃)ပါးကို အာမခံချက်ပေးစွမ်းနိုင်ကြောင်း၊ အကာအကွယ်လည်း ပေးနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း တရားမဝင်အာဏာရယူလိုသူအတွက်၊ အမျိုးသားရေးသစ္စာဖောက်သူအတွက်၊ တိုင်းတစ်ပါးသြဇာခံပြီး မိမိလူမျိုးကို ကျွန်ဇာတ်သွင်းနေသူအတွက် ပေါ်ပေါက်လာမည့် အခြေခံဥပဒေက အခွင့်အရေးပေးမှာမဟုတ်ကြောင်း။

မိမိတို့ ပြည်သူလူထုကြီးတစ်ရပ်လုံးမှာ မြန်မာနိုင်ငံ၏အမျိုးသားရေးသမိုင်းစဉ်တရားက ပေးအပ်ခဲ့သည့် အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သော အမျိုးသားညီလာခံကြီးပြီးမြောက်အောင်မြင်ခဲ့မှုအပေါ် များစွာဝမ်းမြောက်လျက်ရှိကြောင်း၊ မကြာမီပေါ်ပေါက်လာတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလည်း ဝမ်းပန်းတသာဖြင့် လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း။

## သွေးထိုးလှုံ့ဆော်

မိမိတို့က နိုင်ငံတော်၏ အနာဂတ်အတွက် ဝမ်းသာကြည်နူးနေကြသည့် အချိန်တွင် နိုင်ငံနှင့်လူမျိုးကိုမကြည့်ဘဲ မိမိတစ်ဦးတည်းကောင်းစားရေး၊ မိမိပါတီတစ်ခုတည်းကောင်းစားရေးကိုသာ မက်မောနေသည့်လူတစ်စုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲအတည်ပြုမှာကို လုံးဝမလိုလားနိုင်ဘဲ ဖြစ်နေကြကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကို သေးသိမ်အောင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမရေးဆွဲနိုင်အောင် RFA, VOA, BBC, DVB စသည့် အသံလွှင့်ဌာနများနှင့် ကြိုးကိုင်နေသည့် အနောက်နိုင်ငံကြီးတစ်စုက ဖန်တီးလှုံ့ဆော်မှုများ ပြုလုပ်လာသည်ကို တွေ့ရကြောင်း၊ ဘာသာ၊ သာသနာကို ခုတုံးလုပ်အသုံးချပြီး ဆူပူဆန္ဒပြမှုများဖြစ်ပွားလာအောင်သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးခဲ့သည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ လုံးဝမလုပ်သင့် မလုပ်အပ်သည့်လုပ်ရပ်ကို ကျူးလွန်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ သူတို့ မြှောက်ပင့်ပေး၍ လမ်းပေါ်ထွက် ဆူပူလှုပ်ရှားလာကြသူများသည် မပြောပလောက်သည့် အင်အားမျှသာဖြစ်ကြောင်း၊ ဆူပူရာတွင်ပါဝင်သည့် သံဃာအရေအတွက်မှာ တစ်နိုင်ငံလုံးရှိ သံဃာများ၏ အနည်းစုမျှသာဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထုမှာ စိတ်ပါဝင်စားခြင်းလည်းမရှိ၊ ပူးပေါင်းပါဝင်ခဲ့ခြင်းလည်း မရှိကြောင်း။

ယင်းတို့ လက်တစ်ဆုပ်စာ လူတစ်စု၏ လမ်းမများပေါ်တွင် ဆန္ဒပြအော်ဟစ် နှောင့်ယှက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုကို လိုလားကြသည့် မိမိတို့ပြည်သူလူထုအတွင်းတွင် ကလေးများ ကျောင်းလွှတ်၍မျှ ဖြစ်ပါ့မလား၊ ဈေးဝယ်၊ ဈေးရောင်းသွား၍မျှ ဖြစ်ပါ့မလား၊ အလုပ်သွား၍မျှ ဖြစ်ပါ့မလား၊ ခရီးထွက်၍မျှ ဖြစ်ပါ့မလားဆိုသည့် ရှုတ်ဆိုညည်းတွားသံများနှင့် စိုးရိမ်သောကဗျာပါဒများ ဖြစ်ခဲ့ကြရကြောင်း၊ ယင်းတို့၏ ပိုပြီးဆိုးရွားသည့် လုပ်ရပ်မှာ ပြည်သူလူထုများထဲက မသိနားမလည်သူများ လက်လုပ်လက်စားများကို အခကြေးငွေများပေးပြီး ဆန္ဒပြဆူပူအော်ဟစ်ခိုင်းပြီး ဓားစာခံအလုပ်ခိုင်းသည့် လုပ်ရပ်ဖြစ်ကြောင်း၊ ပြည်သူများ ဒုက္ခရောက်ချင်ရောက်ပါစေ၊ တိုင်းပြည်ပါ ပျက်ချင်ပျက်သွားပါစေ ၎င်းတို့အာဏာရရန်သာ အဓိကဆိုသည့်လူစားမျိုးများဖြစ်ကြောင်း၊

မိမိတို့ ပြည်သူတစ်ရပ်လုံးက ပိုပြီး ထင်ထင်ရှားရှား၊ ကွက်ကွက်ကွင်းကွင်း သိမြင်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ဆန္ဒအစစ်အမှန်ကို အသိအမှတ်မပြုဘဲ သူ့တပည့်အာဏာရရေး တစ်ခုကိုသာ ဇွတ်အတင်းဝင်ရောက်စွက်ဖက်ဆောင်ရွက်နေသည့် နိုင်ငံကြီး၏ လုပ်ရပ်နှင့် မဟုတ်မမှန်လှုံ့ဆော်ထုတ်လွှင့်နေမှုများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း။

## သဘောထားအမှန်

ယနေ့၌အချိန်မှာ စေတနာမမှန်သည့် ယင်းတိုင်းဖျက်ပြည်ဖျက် ဆန္ဒပြဆူပူအကြမ်းဖက်လာမှုများကို ပြည်သူ့စွမ်းအားနှင့် တားဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတို့အပေါ်တွင် မလိုလားလက်မခံသည့် ပြည်သူလူထု၏ဆန္ဒသဘောထားအမှန်ကိုလည်း ယင်းတို့ကောင်းကောင်းကြီး သိရှိသွားကြပြီဖြစ်ကြောင်း။

မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားညီလာခံကြီးပြီးစီးသွားပြီး ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ရေးကိုပဲစိတ်အားထက်သန်လျက်ရှိကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့မန္တလေးတိုင်းက ပြည်သူလူထုကြီး၏ ကိုယ်စား အဆိုတင်သွင်းသွားသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်နှောင့်ယှက်နေသည့် နိုင်ငံကြီးများ၏ လုပ်ရပ်နှင့်မမှန်မကန် လုပ်ကြံဖန်တီးလှုံ့ဆော်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ ထုတ်လွှင့်နေမှုများကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

## အမျိုးသားရေးစွမ်းအား

ယင်းနောက် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မြကေသွယ်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံ လှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် လှပသည့် အနာဂတ်နိုင်ငံတော်ဖြစ်ရေးအတွက် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့သည် နေ့မအားညမနားဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ဘဝသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပြည်သူ့စွမ်းပကားဖြင့် တည်ဆောက်နေသည့် အချိန်အခါသမယဖြစ်ကြောင်း၊ ပြည်သူ့စွမ်းပကားဆိုရာ၌လည်း စုစည်းထက်မြက်သည့် အမျိုးသားရေးစွမ်းအားစုအဖြစ် ဖွဲ့စည်းထူထောင်ထားသည့် မိမိတို့လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားလည်း အပါအဝင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရ၏မှန်မြတ်မှန်ကန်သည့် မူဝါဒ၊ ရိုးသားဖြူစင်သောစေတနာများကြောင့် မကြုံစဖူးထူးကဲလှသည့် ငြိမ်းချမ်းရေး ရလဒ်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားနေရပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင်ပါသည့် ပထမလမ်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အများပြည်သူများ လေးစားသည့် ထူးချွန်ထက်မြက်သောပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအဖြာဖြာတို့၌ အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များ၊ ဒေသတွင် သိက္ခာသမာဓိရှိပြီး ယုံကြည်လေးစားခံရသောပုဂ္ဂိုလ်များနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ကိုယ်စားလှယ်ပေါင်း၁၀၀၀ကျော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးချမှတ်ခဲ့ကြပြီးဖြစ်သည်ဆိုခြင်းကို အားလုံးအသိပင်ဖြစ်ကြောင်း။

## အမျိုးမျိုးလုပ်ကြံစွပ်စွဲ

ယခုကဲ့သို့ အမျိုးသားရေးလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်လျှောက်လှမ်းနေခြင်းကို မနာလိုမရှုဆိတ်ကြသည့် ကိုလိုနီလက်သစ်ဝါဒီ နိုင်ငံကြီးအချို့နှင့် အမျိုးသားရေးသစ္စာဖောက်များက အမျိုးမျိုးသော လုပ်ကြံစွပ်စွဲမှုများနှင့် နိုင်ငံတော်နှင့် မိမိတို့အမျိုးသားရေးဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ဆောင်နေကြခြင်းသည် လုံးဝတရားမျှတမှုမရှိကြောင်း၊ မြန်မာ့နိုင်ငံ့အရေးကို မြန်မာတို့ကပင် ပြည်သူ့ဆန္ဒနှင့်အညီ လုပ်ဆောင်ပေးကြရမည် ဖြစ်ကြောင်း၊ ပြည်ပကရေးဆွဲသည့် ဇာတ်ညွှန်းအတိုင်း မိမိနိုင်ငံ၊ မိမိပြည်သူမျက်နှာကို မထောက်၊ ဆူပူမှုကို ဖန်တီးလာခြင်းသည် လူထုဆန့်ကျင်ရေး လုပ်ရပ်သာဖြစ်ကြောင်း၊ တိုင်းဆူပြည်ဖျက်ဇာတ်ညွှန်းကို ဗိုလ်ကျစိုးမိုးရေးဝါဒီ၊ ကိုလိုနီလက်သစ်ဝါဒီတို့က ရေးဆွဲပြီး VOA, BBC, RFA, DVB စသည့် ပြည်ပနိုင်ငံများ၏ မီဒီယာအသံလွှင့်ဌာနများက ဗိန်းဖောင်းတီးပေးနေခြင်းသာ ဖြစ်ကြောင်း၊ ပြည်ပအသံလွှင့်ဌာနများက အချိန်ကိုက်ထုတ်လွှင့်ပြီး ပြည်တွင်းက အဖျက်သမားများနှင့် ပြည်သူများကို လမ်းပေါ်ရောက်အောင် နိုင်ငံတော် အကျပ်အတည်းတွေ့အောင်လုပ်ခဲ့ပြီး အချိန်နှင့်အမျှ ဖြစ်စဉ်များ၏ အနိဋ္ဌာရုံများသာ ထုတ်လွှင့်ပြီး ပြည်သူများအထင်မှားအောင် တိုးမြှင့်ထုတ်လွှင့်နေကြကြောင်း၊ ထိုသို့ထုတ်လွှင့်ချက်များကို ကြားလိုက်၊ ကြည့်လိုက်ရသည့်အခါ တိုင်းပြည်အနှံ့ ဆူပူအုံကြွမှုရှိသယောင် ထင်ယောင်ထင်မှားဖြစ်ခဲ့ခြင်းသည် မီဒီယာ၏ ထိုးနှက်မှုပင်ဖြစ်ကြောင်း၊ VOA, BBC, RFA, DVBများသည် လေလှိုင်းပေါ်က လူသတ်သမားများဖြစ်ကြကြောင်း၊ ၎င်းတို့၏အသံလွှင့်ချက်များသည် လူသတ်ခိုင်းနေခြင်း၊ ဖျက်ဆီးခိုင်းနေခြင်း၊ အမျိုးသားစည်းလုံးမှုကို ဖျက်ဆီးနေခြင်း၊ နွားကွဲလျှင် ကျားဆွဲနိုင်အောင် ရည်ရွယ်လုပ်နေခြင်းများဖြစ်ကြောင်းကို သတိပြုကြရမည်ဖြစ်ကြောင်း၊ မိမိတို့ကို ၎င်းတို့ပြောသမျှလိုက်လုပ်တတ်သည့် လူမျိုးဟူ၍ အထင်သေးပြီး လုပ်နေခြင်းလည်းဖြစ်ကြောင်း၊ ၎င်းတို့အသံလွှင့်သည့်အတိုင်း လက်ခံလုပ်နေလျှင် မိမိတို့အချင်းချင်း သတ်ကြ၊ ဖြတ်ကြ၊ မိမိတို့၏ပစ္စည်းများသာ ပျက်စီးကြ၊ ဆုံးရှုံးကြမှာဖြစ်ကြောင်း၊ ၎င်းတို့က လူရောပစ္စည်းပါ ဘာမှမဖြစ်ကြကြောင်း ဆိုသည်ကို သိမြင်ကြရန် ဖြစ်ကြောင်း၊ ထိုပြည်ပသတင်းဌာနများ၊ ဧရာဝတီ သတင်းစဉ်နှင့် Today သတင်းစဉ်များသည် နိုင်ငံကြီးတစ်ခု၏ ထောက်ပံ့ကူညီစီစဉ်ပေးမှုနှင့် NLD အတွက် သတင်းများဖြန့်ဖြူးပေးနေခြင်း ဖြစ်ကြောင်း၊ မဟုတ်မမှန်လုပ်ကြံသတင်းအားလုံးသည် NLD က ပေးနေသည့် သတင်းများသာဖြစ်ပြီး NLD ပေးပို့သမျှကို ပြန်လည်ထုတ်လွှင့်ပေးနေခြင်းဖြစ်ကြောင်း။

ယင်းတို့သည် အမှန်အတိုင်းသိသည့် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သော ပြည်သူများက တန်ပြန်ဆန္ဒဖော်ထုတ်ပွဲများ ပြုလုပ်ပြီး မဟုတ်မမှန်ကြောင်း ပြသနေခြင်းကို ပြည်သူလူထုကြီးကိုယ်တိုင် အသိပဲဖြစ်ကြောင်း၊ ထို့ကြောင့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

17-10 (06) 1 10/17/07, 1:50 AM

**စာမျက်နှာ ၆ မှ**

VOA,BBC, RFA, DVB အသံလွှင့်ဌာနများတွင် ထုတ်လွှင့်ချက်များကို မယုံကြရန်၊ ထိုမမှန်သတင်းလုပ်ကြံဖန်တီး လှုံ့ဆော်မှုများကို ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ကြောင်း၊ ပြည်တွင်း ပုဆိန်ရိုးများက ၎င်းတို့ နှုတ်ကြောင်းပေးသည့်အတိုင်း ပါဝင်လှုပ်ရှားနေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ဆန့်ကျင်ဟန့်တားနှောင့်ယှက်မှုမှန်သမျှကို မိမိတို့တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် လက်တွဲညီညီ စည်းစည်းလုံးလုံး တွန်းလှန်ကာကွယ်သွားကြမည်ဖြစ်ကြောင်း။

၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ရက်တွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တာဝန်များနှင့် စပ်လျဉ်းသည့် အခြေခံမူ၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် အခြေခံမူ၊ မိခင်နှင့်ကလေး၊ အိုမင်းမစွမ်းသူများနှင့် စပ်လျဉ်းသည့် အခြေခံမူ၊ ဘာသာ၊ သာသနာနှင့် စပ်လျဉ်းသည့် အခြေခံမူများသည် မိမိနိုင်ငံသားများအတွက် ချမှတ်ပေးထားသော အခြေခံကောင်းများဖြစ်သည်ဆိုသည်ကို သိသာထင်ရှားလှကြောင်း။

## ကျေကျေပွန်ပွန်ထမ်းဆောင်

မိမိတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ပြည်သူများကလည်း ကျရာအခန်းကဏ္ဍမှ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးကြသည့် စစ်မှန်သော မျိုးချစ်စိတ်ရှိကြသူများပီပီ အမျိုးသားနိုင်ငံရေး တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်လျက်ရှိကြကြောင်းကို ပြောကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်ဆက်လက်ဖြစ်ထွန်းလာစေရန်၊ တည်ငြိမ်အေးချမ်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရပြည့်စုံသည့် ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ နိုင်ငံတော်၏ သဘာဝအနေအထား သမိုင်းကြောင်းအခြေခံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စသည့် အခြေအနေအရပ်ရပ်များနှင့် လိုက်လျောညီထွေဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီး မကြာမီအမြန်ဆုံး ပေါ်ပေါက်လာတော့မည်ဆိုသည်ကို မိမိတို့ အလေးအနက်ယုံကြည်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး အမြန်ဆုံးပေါ်ထွက်လာစေရန်လည်း မိမိတို့ အသင်းဝင်အားလုံးက ဆန္ဒပြုကြပါကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေး လုပ်ငန်းစဉ်တိုင်းတွင် မိမိတို့အသင်းဝင်များအားလုံး နိုးကြားတက်ကြွစွာနှင့်ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားရင်း အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပါကြောင်းနှင့် မြန်မာ့ပြည်တွင်းရေးစွက်ဖက်နေသည့် နိုင်ငံကြီးများနှင့် လိမ်ညာ၊ ရန်တိုက်၊ တို့ထောင်ပေးနေသည့် အသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

## ပုံမှန်ဖြစ်ထွန်း

ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးဖြစ်သူ မန္တလေးဈေးချိုတော် ပြည်သူလူထုကိုယ်စားလှယ် ဦးချစ်ထွန်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် မိမိတို့ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားကြကြောင်း၊ ရပ်ရွာအေးချမ်းသာယာမှုကို လိုလားကြောင်း၊ လက်ရှိဖွံ့ဖြိုးမှုများကို ဆက်လက်ဖွံ့ဖြိုးရန် လိုလားကြောင်း၊ မိမိတို့၏ ဒေသတည်ငြိမ်အေးချမ်းမှ ပြည်သူ ပြည်သားများသည် ရောင်းရေးဝယ်တာများ ပုံမှန်ဖြစ်ထွန်းပြီး ကျောင်းသား ကျောင်းသူများသည်လည်း အေးချမ်းစွာ ပညာသင်ကြားနိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် အေးချမ်းတည်ငြိမ်မှု၏တန်ဖိုးကို မြတ်နိုးပါကြောင်း၊ ထို့ကြောင့် အေးချမ်းတည်ငြိမ်မှုကို ဖျက်ဆီးသည့်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖျက်ဆီးသည့် မည်သည့်ပြည်တွင်း ပြည်ပအဖွဲ့အစည်းကိုမဆို လက်မခံကြောင်း တင်ပြလိုကြောင်း။

ကိုလိုနီလက်သစ်ဝါဒီများက ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် မသမာသူအဖျက်သမားများကိုမြှောက်ပင့်ပေးပြီး မလိုတမာပုတ်ခတ်ပြောဆိုခြင်း၊ ဆူပူမှုဖြစ်ရန် ပုံကြီးချဲ့ဖန်တီးလှုံ့ဆော်ခြင်းများ ပြုလုပ်နေကြောင်း၊ တည်ငြိမ်အေးချမ်းစွာ နေလိုကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ နေထိုင်မှုဘဝကို တစ်စထက်တစ်စ ယုတ်လျော့ပြိုကွဲပျက်စီးအောင် အနောက်နိုင်ငံအသံလွှင့်ဌာနများကို အသုံးချပြီး လှုံ့ဆော်လုပ်ဆောင်ခဲ့မှုများကြောင့် ဖြစ်ပေါ်လာသည့် စိုးရိမ်သောက ဒုက္ခများနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုများကို အတိုင်းအဆမရှိ နှောင့်နှေးစေခဲ့ကြောင်း၊ ထိုအချိန်များအတွက် မည်သူတွေ၌ အပြစ်ရှိသလဲ၊ မည်သူတွေက မည်ကဲ့သို့ ပြန်ပြီးတာဝန်ယူပေးကြမှာလဲ၊ မည်သို့ပြန်လည်ဖြည့်စွမ်းပေးကြမှာလဲ၊ မိုးလုံးပြည့် မုသာဝါဒကို ထုတ်လွှင့်နေသည့် အနောက်အသံလွှင့်ဌာနများက အနာဂတ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူပေးမှာလား၊ အမှန်တကယ် ဟုတ်သလား၊ မဟုတ်ဘူးလား၊ မဆင်ခြင် မသုံးသပ်တော့ဘဲ အခြေအမြစ်မရှိ သံသယဖြစ်ဖွယ်၊ အငြင်းပွားဖွယ်ပြောဆိုရေးသားချက်များ၊ နှုတ်ကြောင်းပေးသည့် ကောလာဟလအသံများကြောင့် မဖော်ပြနိုင်လောက်အောင် နစ်နာဆုံးရှုံးမှုများ ကြုံနေရသည့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံက ပြည်သူပြည်သားများ၏ အဖြစ်များသည် ရင်နင့်ဖွယ်ဝမ်းနည်းကြေကွဲဖွယ်ရာများသာဖြစ်ကြောင်း၊ အနာဂတ် မျိုးဆက်သစ်များအတွက် စိတ်မကောင်းစရာများသာဖြစ်ကြောင်း၊ အေးချမ်းစွာ ပညာသင်ကြားလိုသည့်၊ တစ်နှစ်တစ်တန်းမှန်မှန် ပညာသင်အရွယ်ကို ကုန်လွန်ပြီးမြောက်စေလိုသည့် မိဘများနှင့် လူငယ်မျိုးဆက်သစ် ကလေးများသည် ဆန့်ကျင်ဘက် အနောက်အသံလွှင့်ဌာနများနှင့် ဆူပူဆန္ဒပြလိုသူတို့၏ မဟုတ်တမ်းတရမ်းပြောဆိုလှုံ့ဆော်မှုများကြောင့် ကျောင်းတက်ရန်ပင်စိုးရွံ့ထိတ်လန့်ခဲ့ကြကြောင်း၊ တည်ငြိမ်မှုယိုယွင်းသည့် အခြေအနေပေါ်မူတည်ပြီး လုပ်ငန်းများ အရှိန်အဟုန်ပျက်ပြားမည်လား၊ အကျိုးစီးပွား ယုတ်လျော့မည်လား စသည့် စိုးရိမ်သောကစိတ်များ ဝင်ရောက်လာခဲ့ကြခြင်းကို တွေ့ရှိရကြောင်း၊ ပြည်နယ်၊ တိုင်းအသီးသီး၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိသည်ကို အချင်းချင်း ရန်သူဖြစ်အောင်၊ တည်ငြိမ်မှုပျက်ပြားပြီး တိုင်းပြည်၏ကုန်ထုတ်လုပ်မှုများကို ကျဆင်းပြီး တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးအောင် ပြုနေကြခြင်းများကို မိမိတို့လုံးဝ လက်မခံနိုင်ကြောင်း ကန့်ကွက်ရှုတ်ချကြောင်းကို ပြောကြားလိုကြောင်း။

## မျှော်လင့်စောင့်စား

ယနေ့ ယခုအချိန်ခါသည် အမျိုးသားညီလာခံက ချမှတ်ရေးဆွဲပေးလိုက်သည့် အခြေခံဥပဒေကို ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းရန် မျှော်လင့်စောင့်စားနေသည့် အချိန်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း နိုင်ငံတော်၏ တည်ငြိမ်မှုကို ကာကွယ်ပေးခြင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို အပြည့်အဝတာဝန်ခံထားခြင်း၊ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေကို အကာအကွယ်ပေးစေခြင်း စသည့် ကောင်းမြတ်သော အချက်များနှင့် ပြည့်စုံသည့်အတွက် မိမိတို့အနေဖြင့် အမျိုးသားညီလာခံနှင့် ဖြစ်ပေါ်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝဥဿုံထောက်ခံပါကြောင်းကို တင်ပြလိုကြောင်း။

နိုင်ငံတော်သည် ဘက်စုံကဏ္ဍစုံ အရှိန်အဟုန်ဖြင့် ချီတက်နေချိန်တွင် ခေတ်နောက်ပြန်ဆွဲချင်သူများအနေဖြင့် ပွဲလန့်တုန်းဖျာခင်းလိုသူများဖြစ်ပြီး ပြည်သူများကို ဆင်းရဲစေချင်သူများ၊ အကျပ်အတည်းတွေ့စေချင်သူများ ဖြစ်ကြကြောင်း၊ ထိုသို့ပြည်သူများ ဆင်းရဲကျပ်တည်းလာပြီး ဆူပူလာအောင်၊ အစိုးရကို ဆန့်ကျင်လာအောင် ပြုလုပ်လာကြကြောင်း၊ ၎င်းတို့ အာဏာရရေးအတွက် ပြည်သူကို မမှန်မကန်စိတ်ထားနှင့် ခုတုံးလုပ်အသုံးချရုံသာမက သံဃာများကိုလည်း မဟုတ်မမှန် ဆွဲဆောင်စည်းရုံးပြီး လမ်းပေါ်ထွက်လျှောက်လာအောင် ကြံစည်ခဲ့ကြကြောင်း၊ ၎င်းတို့၏ အနောက်ဆရာကြီးများက အကွက်ချပေးသည့်အတိုင်း လိုက်နာလုပ်ကိုင်နေခြင်းဖြစ်ပြီး မိမိတိုင်းပြည် နစ်နာတာ၊ ဗုဒ္ဓဘာသာကို ထိခိုက်ခြင်းများ မမြင်နိုင်၊ မဆင်ခြင်နိုင်ကြသူများ ဖြစ်ကြောင်း၊ မိမိတို့ ပြည်သူများနှင့် ဆန့်ကျင်ပြီး မူဝါဒလမ်းစဉ်(၇)ရပ်ကို အရှိန်အဟုန်နှင့် အကောင်အထည်ဖော် အောင်မြင်သွားမည်ကို သေမလောက်ကြောက်နေကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမျိုးသားညီလာခံက အတည်ပြုချမှတ်ပေးထားသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများအရ ပေါ်ပေါက်လာမည့် အနာဂတ်နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူများသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများက မရခဲ့သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများ၊ အစိုးရများ၊ လွှတ်တော်များရလာမှာဖြစ်သည့်အတွက် အဖျက်သမားများအတွက် နေရာမရနိုင်မည်ဖြစ်၍ ဖြစ်ကြောင်း။



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့် ဌာနများ၏လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို မြို့မိမြို့ဖ မန္တလေးဈေးချိုတော် ပြည်သူလူထုကိုယ်စားလှယ် ဦးချစ်ထွန်း ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

## ကာကွယ်စောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် မိမိတို့ မန္တလေးတိုင်းမှ ပြည်သူအားလုံးက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်ကောင်းကျိုးကို ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပါကြောင်းနှင့် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်အန္တရာယ်ပြုနေသည့် နိုင်ငံကြီးများနှင့် ၎င်း၏ နောက်လိုက် အသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်ဆွေ (အငြိမ်းစား)က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံ လှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ဒီမိုကရေစီသည် ပုံတူကူးချ၍မရကြောင်း၊ သစ်ပင်ကဲ့သို့ ရွှေ့ပြောင်းစိုက်၍ မရကြောင်း၊ သူတစ်ပါး ခိုင်းသည့်အတိုင်းလည်း လုပ်၍မရကြောင်း၊ မိမိတိုင်းပြည် အခြေအနေ၊ မိမိလူမျိုးနှင့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ မိမိတိုင်းပြည်၏ ပကတိတည်ရှိနေမှုများအပေါ်အခြေခံပြီး ကျင့်သုံးသင့်သည့်စနစ်ကိုပြဋ္ဌာန်းရမည်ဖြစ်ကြောင်း။

ထိုအချက်များအပေါ်တွင် အခြေခံပြီး တပ်မတော်အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက် နေ့မအားညမနား ကြိုးစားပမ်းစားလုပ်နေကြောင်း၊ အမျိုးသားရေးမူဝါဒနှင့် ဦးတည်ချက် လုပ်ငန်းစဉ်များလည်း မှန်နေပြီး ရည်မှန်းချက်ပန်းတိုင်ကလည်း ပြည်သူ့ဆန္ဒအစစ်အမှန်နှင့် တစ်ထပ်တည်းဖြစ်နေသည့်အတွက် ပြည်သူနှင့်လက်တွဲပြီး ရှေ့ခရီးလည်း ဆက်နေကြပါပြီ၊ ယနေ့အခြေအနေကိုကြည့်လျှင် မိမိတို့ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် စစ်မှန်သော ဒီမိုကရေစီပန်းတိုင်ရောက်ရန် လက်တစ်ကမ်းသာလိုပါတော့ကြောင်း။

ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မိမိတို့ တပ်မတော်သားများကို အမျိုးသားနိုင်ငံရေးတာဝန်များ ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ထည့်သွင်းချမှတ်ပေးထားသည့်အတွက် များစွာနှစ်ထောင်းအားရဖြစ်မိကြောင်း၊ လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် သူတစ်ပါးဩဇာလွှမ်းမိုးမှု ကင်းရှင်းပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို လွတ်လပ်စွာ ကိုင်တွယ်ကျင့်သုံးပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို အမိုခိုကင်းစွာ ဖန်တီးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတည်ဆောက်ကြခြင်းသည် သဘာဝကျသော လုပ်ငန်းဖြစ်ကြောင်း။

## လေ့လာသုံးသပ်

ပေါ်ပေါက်လာမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးသည် အမျိုးသားညီလာခံကိုယ်စားလှယ်များ အကြိမ်ကြိမ် အထပ်ထပ် အချိန်ယူညှိနှိုင်းပြီး ယခင်ရှိခဲ့ဖူးသော အခြေခံဥပဒေများ၏ အားနည်းချက်များကို သင်ခန်းစာယူရုံသာမက နိုင်ငံတကာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း လေ့လာသုံးသပ်ကာ မြန်မာနိုင်ငံနှင့် ဆီလျော်သည့် သင့်တော်သောအခြေခံမူများကို ညှိနှိုင်းရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် ခိုင်မာသည့် လက်တွေ့အကျိုးစီးပွားကို ဖော်ဆောင် အကောင်အထည်ဖော်ပေးမည့် အခြေခံဥပဒေကြီး ဖြစ်မည်ဆိုသည်ကို မိမိတို့ အလေးအနက်ယုံကြည်ကြောင်း။

ဤနေရာတွင် အဆိုမြင်ဝါဒကို ကိုင်စွဲထားသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ဆင်ခြင်သိရှိနိုင်ရန် မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် သုံးသပ်တင်ပြချင်သည့်အချက်တစ်ချက်ရှိကြောင်း၊ ပြည်ပကိုအားကိုးပြီး တပ်မတော်အစိုးရကို ဖြုတ်ချရေးနှင့် တပ်မတော်ဆန့်ကျင်ရေးအစိုးရ ပေါ်ပေါက်လာရေးကို မြန်မာနိုင်ငံ၏ ဒီမိုကရေစီပန်းတိုင်အဖြစ် ဖော်ဆောင်နေခြင်းသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအစဉ်အလာနှင့် ဥပဒေကြောင်းအရ မည်သို့မှ လက်တွေ့မဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်လည်းဆိုလျှင် ပြည်ပဩဇာခံ ခေါင်းဆောင်ဆိုသူကိုယ်တိုင်ကရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်တစ်ဦးမဟုတ်သကဲ့သို့ ယနေ့မြန်မာနိုင်ငံ၏ တည်ရှိဆဲဥပဒေများအရလည်း ရွေးချယ်တင်မြှောက်ခံ အစိုးရ၏ ခေါင်းဆောင် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်၍ပင်ဖြစ်ကြောင်း။



**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံလှုံ့ဆော်ထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်း အဆိုကို မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်ဆွေ(အငြိမ်းစား) ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

## ပြည်ပအထောက်အပံ့

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာပါရှိသည့် ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ်တစ်ဦးတွင် ရှိရမည့်အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည်ပဩဇာခံသူသည် မကိုက်ညီကြောင်း၊ အလားတူ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်ကြည့်လျှင်လည်း ပြည်ပအထောက်အပံ့ ရယူသူသည် ရွေးချယ်ခံကိုယ်စားလှယ်တစ်ဦးမဖြစ်နိုင်ကြောင်း၊ ယနေ့ မိမိတို့ တိုင်းရင်းသား အားလုံးညှိနှိုင်းရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အမျိုးမစောင့် ထိန်းသူသည် ရွေးချယ်ခံ ကိုယ်စားလှယ်တစ်ဦးဖြစ်လာနိုင်မည် မဟုတ်ကြောင်း၊ ထိုကဲ့သို့ ထည့်သွင်းရေးဆွဲထားခြင်းသည်လည်း မည်သူ့ကိုမှ ပုဂ္ဂိုလ်ရေးမုန်းတီး၍ ထည့်သွင်းထားခဲ့ခြင်း မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်က ထားရှိခဲ့သည့် တိုင်းပြည်၊ လူမျိုး၊ ယဉ်ကျေးမှုများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အလေးထားပြီး ထည့်သွင်းထားခြင်းဖြစ်ကြောင်း။

## တိုက်တွန်းပြောကြား

**ထို့ကြောင့် ရွေးကောက်ခံအစိုးရ၏ ခေါင်းဆောင်မဖြစ်နိုင်သည့် ပြည်ပဩဇာခံသူကို ဒီမိုကရေစီခေါင်းဆောင်ဆိုပြီး ထောက်ခံအားပေးရပ်တည်ကာ အာဏာရရှိရေးကို ဇွတ်အတင်းလှုံ့ဆော်ပေးနေခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို အဓမ္မဝင်ရောက် စွက်ဖက်နေခြင်းသာဖြစ်သည့်အတွက် ထိုလုပ်ရပ်ကို မိမိတို့ပြည်သူတစ်ရပ်လုံးက လုံးဝပြစ်တင်ရှုတ်ချကန့်ကွက်ကြောင်း၊ မကြာသေးမီက သံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က တည်ဆဲဥပဒေကို ချိုးဖောက်ပြီး ဆန္ဒပြဆူပူမှုများကို ကျူးလွန်ပြုလုပ်ခဲ့ကြကြောင်း၊ သို့သော်လည်း ထိုဆန္ဒပြမှုများသည် ပြည်သူလူထုကို ကိုယ်စားမပြုဘဲ ရာနှုန်းအားဖြင့် အလွန်နည်းသည့် အရေအတွက်သာဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးက လုံးဝမလိုလားကြကြောင်း၊ ထိုအခြေအနေ ဖြစ်ရပ်မှန်များကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီကိုယ်တိုင် တွေ့မြင်သိရှိသွားခဲ့ပြီး ဖြစ်ကြောင်း၊ မစ္စတာဂမ်ဘာရီအနေဖြင့် အမှန်အတိုင်း တင်ပြမည်ဟုလည်း ယုံကြည်ယူဆကြောင်း၊ မမှန်ကန်သည့် အချက်အလက်များ အသုံးပြုပြီး တစ်ဖက်သတ်တင်ပြချက်များကို လက်ခံမဆုံးဖြတ်မိရန် တိုက်တွန်းပြောကြားလိုကြောင်း။**

## အိုးမဲ့အိမ်မဲ့

တစ်ဆက်တည်း ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ၏အရေးသည် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟု မဟုတ်မတရားစွပ်စွဲနေသည်ကို တွေ့ရှိရကြောင်း၊ ၎င်းနှင့် ပတ်သက်၍ ယနေ့ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံများတွင် စစ်မီးမွှေး စစ်တလင်းဖြစ်ပြီး နေ့စဉ်နှင့်အမျှ တိုက်ပွဲများဖြစ်၊ အသက်ဆုံးရှုံးနေခြင်းများ၊ အသေခံဗုံးခွဲ တိုက်ခိုက်နေခြင်းများ၊ တိုင်းပြည်တစ်ခုလုံး ပျက်စီးယိုယွင်းနေခြင်းများ၊ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး မိတကွဲ၊ ဖတကွဲဖြစ်နေခြင်းများ၊ စားရမဲ့၊ သောက်ရမဲ့ အငတ်ငတ်အပြတ်ပြတ် ဖြစ်နေခြင်းများနှင့် နှိုင်းယှဉ်ကြည့်ကြစမ်းပါဟု ပြောလိုကြောင်း။

ထိုအရှေ့အလယ်ပိုင်းက ဖြစ်ရပ်များသည် ဒေသတွင်း တည်ငြိမ်ရေးကို ပျက်ပြားရုံသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆက်နွယ်ထိခိုက်ပြီး ကမ္ဘာစစ်ကြီး နောက်တစ်ကြိမ် ထပ်ပြီး ဖြစ်လာမည်လားဟု စိုးရိမ်နေရသည့် အခြေအနေဖြစ်ကြောင်း၊ ထိုဖြစ်ရပ်များကြတော့ မည်ကဲ့သို့မှ ဝေဖန်ပြောဆိုခြင်းမပြုဘဲ ရေငုံနှုတ်ပိတ် မပြောရဲမဆိုရဲနှင့် ပြောမည့်လူမရှိဘူး ဖြစ်နေကြောင်း၊ မိမိတို့ကဲ့သို့ အင်အား

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

# က်သစ်များနှင့် ကာလဝိပ္ပတ္တိ နိုင်ငံရေးအောက်လမ်းသမားများ

ဖိုးသူတော်ရေချမ်း

**ကြီးမားတဲ့ အန္တရာယ်ကြီးပါ။ ကာလဝိပ္ပတ္တိ ဆိုတာကတော့ ကာလ= အချိန်အခါ၊ ဝိပ္ပတ္တိ=ပျက်စီးခြင်းဖြစ်တဲ့အတွက် မကောင်းသော ခေတ်ကာလ၊ ဆုတ်ကပ်ကာလ၊ ခေတ်ဆိုးခေတ်ပျက်လို့ မှတ်ယူနိုင်ပါတယ်။**

တကယ်တော့ ခေတ်အဆက်ဆက် နိုင်ငံရေးလုပ်စားသူတွေဟာ သံဃာတော်တွေကို နည်းအမျိုးမျိုးနဲ့ချဉ်းကပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ခဲ့တာတွေကြောင့် သာသနာတော်သမိုင်းမှာ ရာဇဝင်ရိုင်းခဲ့တဲ့ သာဓကနောက်ခံအကြောင်းအရင်းမှန်တွေ ရှိခဲ့ဖူးပါတယ်။ ဥပမာအချို့ကို ထုတ်နုတ်ဖော်ပြရရင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပေါ်ပေါက်ခဲ့တဲ့ ဂျီစီဘီအေအသင်းကြီးနဲ့အပြိုင် နိုင်ငံရေးလှုပ်ရှားသူတွေရဲ့ ချဉ်းကပ် စည်းရုံးအားပေးမှုကြောင့် သံဃသာမဂ္ဂီဆိုတဲ့ သံဃာ့အဖွဲ့တစ်ဖွဲ့လည်း ပေါ်ပေါက်ခဲ့ဖူးပါတယ်။

သိတော်မူကြတဲ့အတိုင်းပါပဲ။ အကွဲအပြဲ၊ အဖာအထေးတွေနဲ့ ပြည်ဖုံးကားချလေ့ရှိတဲ့ ဂိုဏ်းဂဏအခြေခံ မြန်မာ့နိုင်ငံရေးလောကထုံးစံအတိုင်း ဂျီစီဘီအေအသင်းကြီး ဖရိုဖရဲပြိုကွဲမှုနှင့်အတူ သံဃသာမဂ္ဂီဆိုတဲ့ အဖွဲ့ဟာလည်း တစ်စစီ ဖြစ်ကုန်ပါလေရော။ အမျိုးဘာသာ၊ သာသနာအရေးထက် ဂိုဏ်းဂဏစွဲ၊ ဆရာစွဲ၊ ဒကာစွဲ၊ ဝါဒစွဲတွေကို ရှေ့တန်းတင်ပြီး ဘယ်လိုတွေ ကွဲခဲ့ကြတယ်မှတ်လဲ။

- ဦးစိုးသိန်းရဲ့ ဂျီစီဘီအေမှာကလည်း သူ့ဒကာနဲ့ သူ့ဆရာ
- ဦးချစ်လှိုင်ရဲ့ ဂျီစီဘီအေမှာကလည်း သူ့ဆရာနဲ့ သူ့ဒကာ
- ၂၁ဦးအဖွဲ့ မြတ်လှိုင်ပေါ်ပါတီကလည်း ထိုနည်းလည်းကောင်း
- ဓားမပါတီကလည်း ထုံးစံအတိုင်း
- ဖေဘီယန်ပါတီကလည်း ထူးမခြားနား
- ငါးပွင့်ဆိုင်ပါတီကလည်း အလားတူ
- ဒို့ဗမာအစည်းအရုံးကလည်း သူ့ကျောင်း၊ သူ့ဒကာ၊ သူ့ဆရာနဲ့သူ

အဲဒီလိုတွေကွဲခဲ့ကြတာဗျ။ နိုင်ငံရေးအင်အားစု အကွဲအပြဲတွေကို ဒို့ဗမာအစည်းအရုံးက လွှမ်းမိုးချုပ်ကိုင်ကြီးစိုးခဲ့သလို ဂိုဏ်းကွဲ၊ ဝါဒကွဲ၊ ဆရာဒကာအစွဲတွေနဲ့ ကွဲခဲ့ကြတဲ့ သံဃာ့ဂိုဏ်းကွဲတွေကိုကျတော့ ရဟန်းပျိုအဖွဲ့က ကြီးစိုးခဲ့တာကြောင့် သက်တော်ကြီး ဝါတော်ရ ရဟန်းသံဃာတော်ကြီးတွေနဲ့ နိုင်ငံရေးအယူသီးတဲ့ ရဟန်းပျိုတွေကြားမှာ မကြာခဏဆိုသလို ဒကာ၊ ဒကာမတွေ စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တွေ ရှိလာခဲ့ရတယ်။

အဲဒီနောက်မှာတော့ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ သာသနာသုံးရပ် သန့်ရှင်းတည်တံ့ခိုင်မြဲရေးတို့အတွက် အမြော်အမြင်ရှိတော်မူကြတဲ့ ဆရာတော်ကြီးများက ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ချုပ်ကိုဖွဲ့စည်းပြီး နိုင်ငံရေးမဖက်တဲ့ ဘာသာရေး၊ သာသနာရေးကိစ္စရပ်တွေကိုသာ သတ်သတ်မှတ်မှတ် ဆောင်ရွက်တော်မူခဲ့ကြပါတယ်။ သက်ဆိုင်ရာအစိုးရကိုလည်း သာသနာရေးဝန်ကြီးဌာန သီးခြားသတ်မှတ်ထားရှိပေးဖို့အပါအဝင် သံဃာ့ဝိနိစ္ဆယဥပဒေ ပြဋ္ဌာန်းပေးဖို့ကိုလည်း တောင်းဆိုခဲ့တယ်။ တစ်ဆက်တည်းဆိုသလို ဓမ္မကထိကဆရာတော်တွေကို ပါတီနိုင်ငံရေးလုပ်ငန်းတွေမှာ ဝင်ရောက်စွက်ဖက်ပတ်သက်ခြင်းမပြုဖို့ ဘာသာရေး၊ သာသနာရေးနဲ့ ပညာရေးကိစ္စရပ်တွေကိုသာ ဟောပြောဆောင်ရွက်တော်မူကြဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ခဲ့ပြီး ထိန်းထိန်းသိမ်းသိမ်း ပြန်လုပ်ခဲ့ပါတယ်။

သာသနာတော်အတွက် အမြော်အမြင်ကြီးမားတဲ့ ဆရာတော်အရှင်သူမြတ်များရဲ့ဆောင်ရွက်မှုကြောင့် သံဃာထုအတွင်းဂိုဏ်းဂဏစွဲ၊ ဆရာစွဲ၊ ဒကာစွဲ၊ ဝါဒစွဲတွေအရှိန်သေစပြုချိန်မှာ နောက်ထပ် သွေးထိုးလှုံ့ဆော်မှုတစ်ခု ထပ်ပေါ်လာပြန်တယ်။ အင်္ဂလိပ်အစိုးရဟာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မယ့်အချိန်မှာ ဥပဒေပြုလွှတ်တော် ခေါ်ယူနိုင်ရေးအတွက် ရွေးကောက်ပွဲတွေ ပြုလုပ်စေခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲတွေအတွက် အကွက်မြင်တဲ့ နိုင်ငံရေးသမားအချို့ဟာ သံဃာထုရဲ့အားကိုယူပြီး နိုင်ငံရေးအာဏာ ခွဲတမ်းရယူဖို့ သံဃာထုအတွင်း ချဉ်းကပ်စည်းရုံးသွေးထိုးလှုံ့ဆော်မှုတွေ ပြုလုပ်လာခဲ့သလို အဲဒီနယ်ချဲ့အစိုးရအလိုတော်ရိ နိုင်ငံရေးသမားတွေရဲ့ တင်ပြချက်အရ အင်္ဂလိပ်အစိုးရ(ဘိလပ်ပါလီမန်)ကလည်း သံဃာတော်တွေ၊ သီလရှင်တွေ မဲပေးခွင့်ကို ဥပဒေပြဋ္ဌာန်းပေးလိုက်ပါတယ်။

တကယ်တော့ ဒီလုပ်ဆောင်ချက်ဟာ ခဲရာခဲဆစ် ပြန်လည်တည်ဆောက်ထားတဲ့ ဂိုဏ်းပေါင်းစုံ သံဃာထုအတွင်း ညီညွတ်မှုကို ဘယ်လိုမှ ရင်ကြားစေ့မရအောင် ထပ်မံပြိုကွဲစေမယ့်လုပ်ရပ် ဖြစ်သလို နိုင်ငံရေးလောကအတွင်း ဆရာဒကာပြဿနာရပ်တွေနဲ့ အငြင်းပွားမှု၊ အချင်းများမှုတွေ အတောမသတ် ဖြစ်နေအောင် နယ်ချဲ့အစိုးရက နှုတ်ကြောင်းထွင် ခင်းပေးလိုက်တဲ့ လမ်းကြောင်းပဲဖြစ်ပါတယ်။

ဒါကို ဂိုဏ်းဂဏစွဲ၊ ဆရာစွဲ၊ ဒကာစွဲ၊ ဝါဒစွဲတွေ အကင်းမသေသေးတဲ့ သံဃာငယ်အချို့က လိုလားထောက်ခံခဲ့ကြပေမယ့် အမြော်အမြင်ကြီးမားတော်မူတဲ့ ဆရာတော်အရှင်သူမြတ်များကတော့ လုံးဝဆန့်ကျင် ကန့်ကွက်ခဲ့ပြီး အင်္ဂလိပ်အစိုးရ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကို ပြန်လည်ပယ်ဖျက်ရတဲ့အဆင့်ရောက်အောင် ဆောင်ရွက်တော်မူနိုင်ခဲ့ပါတယ်။ မှတ်သားစရာ အထောက်အထားဖြစ်တဲ့ ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ချုပ်ကြီးရဲ့ (၁၂၆)ကြိမ်မြောက် ဗဟိုတာဝန်ခံ အထူးအမှုဆောင်အဖွဲ့ရဲ့အစည်းအဝေးဆုံးဖြတ်ချက်က အခုလိုဖြစ်ကြောင်းပါ ခင်ဗျာ။

**... အနန္တစ္ဆဝိကံမောဃ ပုရိသ အနနုလောမိကံ အပ္ပဋိရူပံ အသာမဏကံ အကပ္ပိယံ အကရဏီယံဆိုသော ဝိနည်းဒေသနာတော်အရ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခြင်း၊ လူဝတ်ကြောင်တို့၏ နိုင်ငံရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်းများ အလုပ်သည် သမဏဓမ္မမဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော သာသနဓမ္မတို့၏ အရေးအရိပ် နိမိတ်ယောင်ပြ သုန္ဒရဘောဂုဏ်သို့ အစဉ်မလိုက်သည် တစ်ကြောင်း၊ သမဏဓမ္မမဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောသာသနာတော်တို့အား မလျော်သည်က တစ်ကြောင်း၊ သမဏဓမ္မမဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော သာသနာတော်တို့နှင့် လုံးဝမတူတန်သည် တစ်ကြောင်း၊ ဤသို့သော အကြောင်းသုံးမျိုးကြောင့် ရဟန်းတော်တို့၏ ဆန္ဒမဲပေးခြင်းသည် ရဟန်းတော်တို့၏အလုပ် လုံးဝမဟုတ်၊ ရဟန်းတော်တို့၏ အလုပ်မဟုတ်ခြင်းကြောင့် ရဟန်းတော်တို့နှင့် မအပ်စပ်၊ ရဟန်းတော်တို့နှင့် မအပ်သည်အဖြစ်ကြောင့် ရဟန်းတော်တို့သည် လုံးဝမပြုလုပ်ထိုက်ကြောင်း ...။**

မြတ်ဗုဒ္ဓ သာသနာတော်အတွက် ဆရာတော်အရှင်သူမြတ်များရဲ့ ကျေးဇူးတော်ကြောင့် အဲဒီအချိန်ကစပြီး သံဃာတော်များ၊သီလရှင်များ အနေနဲ့ လောကီအရေး နိုင်ငံရေး အရှုပ်အထွေးတွေမှာ ပါဝင်ပတ်သက်မှုဘေးက ကင်းလွတ်ခဲ့ရပေမယ့် ပါလီမန်ဒီမိုကရေစီ တစ်ခေတ်ရောက်ပြန်တော့လည်း နိုင်ငံရေးလောကသားတွေရဲ့ သံဃာထုအတွင်း ချဉ်းကပ်ဝင်ရောက် စည်းရုံးသွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲချိန်မှာ သံဃာထုအတွင်းဂိုဏ်းဂဏကွဲတွေက နှစ်ခြမ်းမကဘဲ အစိတ်စိတ်အမြွှာမြွှာ အစီအရီ ပေါ်လာခဲ့ပြန်ပါတယ်။

- သံဃာ့ပါတီဗမာပြည်
- မဟာသံဃာ့ရာဇာအဖွဲ့
- သံဃာ့တပ်ဦးအဖွဲ့
- သံဃာ့ညီညွတ်ရေးအဖွဲ့
- သံဃာ့ညီညွတ်ရေးရဟန်းငယ်အဖွဲ့
- ပြည်ထောင်စုသံဃာအဖွဲ့
- သာသနာသန့်ရှင်းရေးအဖွဲ့
- ရခိုင်သောတုဇနအဖွဲ့
- မဟာသောတုဇနအဖွဲ့

သံဃာဂိုဏ်းကွဲမှုတွေရဲ့ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုတွေအဖြစ် ဘာတွေ ဘယ်လိုပေါ်ပေါက်လာသလဲဆိုတော့ ထေရဝါဒဗုဒ္ဓသာသနာတော်နဲ့ သံဃာ့လောကကို အမှီပြုပြီး လိမ်လည်လှည့်ဖြားဝါကြွား စားပေါက်ထွင်တဲ့ အတုအယောင်တွေ ပေါ်ပေါက်လာသလို ပိဋကတ်သုံးပုံကိုပစ်ပယ်ပြီး စာတွေ့မမှန် ငါတွေ့မှန်၊ စိတ်ကိုစိတ်အတိုင်းထား၊ လူသေလူဖြစ်ဝါဒစတဲ့ အဓမ္မတရားတွေ ပေါ်ပေါက်လာခဲ့တယ် မဟုတ်ဘူးလား။

ဒီနေရာမှာ သံဃာငယ်တွေကို သာသနာနဲ့ မအပ်စပ်တဲ့ကိစ္စရပ်တွေအတွက် ဆရာတင်သလိုလိုလုပ်ပြီး နိုင်ငံရေးအရ အသုံးချနေသူတွေရော အဲဒီသာသနာဖျက်တွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို အဟုတ်မှတ်ပြီး ဘုရားရှင်ရဲ့ ဩဝါဒကထာတွေ၊ ဝိနည်းသိက္ခာပုဒ်တွေကို လေးစားလိုက်နာရကောင်းမှန်းမသိဖြစ်နေတဲ့ သံဃာငယ်အချို့ကို သတိပြုစရာအချက်အချို့ ထုတ်နုတ်ကိုးကား ဖော်ပြလိုပါတယ်။

**ဗုဒ္ဓဘုရားရှင်ဟာ လူဝတ်ကြောင်တွေနဲ့ ချမ်းသာမကွဲ ဆင်းရဲအတူ (သဟသောကီ သဟနန္ဒီ) အရောတဝင် နေထိုင်တဲ့ ရဟန်းသံဃာတော်တွေကို အလိုရှိတော်မမူပါဘူး။ အခုခေတ်မှာ လူဝတ်ကြောင်တွေနဲ့ အတူ နိုင်ငံရေးကိစ္စ၊ ဘောလုံးပွဲကိစ္စ၊ နှစ်လုံးထီ၊ သုံးလုံးထီကိစ္စ အစရှိတဲ့ အရေးအရာတွေမှာ တပူးတွဲတွဲလုပ်နေကြတဲ့ ရဟန်းသံဃာမျိုးတွေကို ကုလူပကလို့ခေါ်ပါတယ်။ အရပ်စကားနဲ့ နားလည်အောင်ပြောရရင် အိမ်ကပ်ရဟန်း၊ လူစော်နံတဲ့ရဟန်းပေါ့ဗျာ၊ အကျယ်သိချင်သပ ဆိုရင်တော့ ကုလူပကသုတ်မှာ လေ့လာနိုင်ကြောင်းပါ။**

(က) အိမ်သူအိမ်သား၊ ဒါယကာ ဒါယိကာမတွေနဲ့ အရင်းအချာ ချစ်ခင်ရင်းနှီးသူမဟုတ်ပါဘဲလျက် အရောတဝင် ခင်မင် ရင်းနှီးဟန် ဆက်ဆံတတ်သော ရဟန်းသံဃာ၊
(ခ) မသက်ဆိုင် မပိုင်စိုးဘဲလျက် ပိုင်စိုးပိုင်နင်း စီမံခန့်ခွဲသော ရဟန်းသံဃာ၊
(ဂ) ကွဲပြားသူတို့ကို စေ့စပ်ရေးလုပ်ရန် သွားသောရဟန်းသံဃာ၊
(ဃ) နှစ်ကိုယ်ကြားတိုင်ပင်လေ့ရှိသော ရဟန်းသံဃာ၊
(င) အတောင်းအရမ်းထူသော ရဟန်းသံဃာ။(ကုလူပကသုတ်၊ ၁၂၀)

**အခုဖော်ပြခဲ့တဲ့ ရဟန်းသံဃာငါးမျိုးဟာ ဘုရားရှင် မကြိုက်တဲ့ ရဟန်းသံဃာတွေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီကနေ့ ပြည်ပ အသံလွှင့်အစီအစဉ်တွေကနေတစ်ဆင့် ပြည်တွင်းက ရဟန်းသံဃာငယ်တွေကို သာသနာနဲ့ မအပ်စပ်တဲ့ အကြောင်းအရင်းတွေပေါ်အခြေခံပြီး နောက်ကွယ်ကနေ သွေးထိုးလှုံ့ဆော်နေကြတဲ့ ပြည်ပရောက် ရဟန်းပျိုများအဖွဲ့ဥက္ကဋ္ဌ ဘွဲ့ခံ ဦးခေမာစာရတို့၊ သံဃာ့တပ်ပေါင်းစုအဖွဲ့က ဦးဂမ္ဘီရတို့လို ရဟန်းသံဃာတွေဟာ ထေရဝါဒဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေအောင် သာသနာ့ဝန်ဆောင်နေကြတဲ့ သံဃာတော်အရှင်သူမြတ်တွေ မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေအကြား လူရှိသေရှင်ရိုသေ သင်္ကန်းဝတ်ပြီး လုပ်စားနေတဲ့ ဒုဿီလ ရဟန်းတွေသာ ဖြစ်ပါတယ်။**

ဗုဒ္ဓဘာသာဝင်အများစုဟာ သင်္ကန်းဆင်မြန်းထားတဲ့ ရဟန်းသံဃာ မှန်သမျှကို လက်အုပ်ချီမိုး အရိုအသေပြု ရှိခိုးကြတာနဲ့ ပတ်သက်လို့ သံဝေဂရစရာတစ်ခုက လူဝတ်ကြောင်တွေရဲ့ အရိုအသေပြုမှုကို ခံထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးနဲ့ မပြည့်စုံတဲ့ သင်္ကန်းဝတ် ရဟန်းသံဃာတွေအတွက် ဘုရားရှင်က အခုလို အဆုံးအမတော်စကား မြွက်ကြားခဲ့တာရှိပါတယ်။

**... ခြေသလုံးနှစ်ဖက်တွင် ခိုင်ခံ့မာကျောသော သားရေကြိုးဖြင့် ရစ်ပတ်၍ ပွတ်ဆွဲခံရသဖြင့် အရိုးနှင့်ရိုးတွင်းချဉ်ဆီခိုက်အောင် အသားတွေပြတ်ကြေရသူ၏ ဒုက္ခထက် လူတို့ရှိခိုးခြင်းကြောင့် ဖြစ်ရသော သီလမရှိသူ၏ ဆင်းရဲက လွန်ကဲလှ၏။**

**လှံမကြီးဖြင့် ရင်ဝအထိုးခံရသူ၏ ဆင်းရဲထက် သီလမရှိဘဲ လူတို့ လက်အုပ်ချီ ရှိခိုးမှုခံရသော ရဟန်း၏ဒုက္ခက သာ၍ ပြင်းထန်လှ၏။**

**ရဲရဲပြောင်ပြောင် မီးလျှံစွဲလောင်သော သံပြားကြီးကို ကိုယ်ဝယ်လွှမ်းခြုံရသူ၏ ဒုက္ခထက် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံခြင်းကြောင့်ဖြစ်သော သီလမရှိသော ရဟန်း၏ ဒုက္ခက ကြီးလေးလှဘိ၏။**

**မီးလျှံရဲရဲ သံခဲကြီးတွေကို မျိုရသူ၏ဒုက္ခထက် ဒါယကာ ဒါယိကာမတို့လှူသော ဆွမ်းကိုစားခြင်းကြောင့်ဖြစ်ရမည့် သီလမရှိသော ရဟန်း၏ဒုက္ခက သာလွန်ဆိုးရွားလှ၏။**

**မီးလျှံပြောင်ညီး သံအိုးကြီးထဲ၌ နေရသူ၏ဒုက္ခထက် ကျောင်း၌ နေခြင်းကြောင့်ဖြစ်ရသော သီလမရှိသော ရဟန်း၏ဒုက္ခက ကြီးလေး ဆင်းရဲလှ၏။ (ဝိသုဒ္ဓိ ၁၊၅၂)**

**လက်ရှိ သံဃာငယ်အချို့ လမ်းပေါ်ထွက်လာအောင် လုပ်ဆောင်ခဲ့မှု အပိုင်းတွေကို ပြန်လေ့လာကြည့်လိုက်ရင် သာသနာကို အရောင်ဆိုးခဲ့သူ သီလခါးကျိုး အတုအယောင် ဓမ္မန္တရာယ်လက်သစ်တွေနဲ့ ကာလဝိပ္ပတ္တိ နိုင်ငံရေး အောက်လမ်းသမားတွေဟာ ပြည်တွင်းက သံဃာငယ်တွေကို သူတို့လိုချင်တဲ့ လမ်းကြောင်းပေါ် တက်လာစေရေးအတွက် ဝါဒဖြန့် နည်းလမ်း (Propaganda) ကိုမသုံးဘဲ စည်းရုံးလှုံ့ဆော်တဲ့နည်း (Agitation) ကို စနစ်တကျလုပ်ဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။**

The kind relative method ဆိုတဲ့နည်းလမ်းအရ ပစ်မှတ်ပရိသတ် (Target audience) က ဦးဆောင်စည်းရုံး လှုံ့ဆော်သူတွေကို မေတ္တာရှင်၊ ကရုဏာရှင်၊ ကယ်တင်ရှင်တွေအဖြစ် ထင်လာမြင်လာ လက်ခံလာအောင်၊ ပစ်မှတ်ပရိသတ်ရဲ့အတွင်းစိတ်က အလိုလိုလက်ခံမိနေအောင်၊ မခံချိမခံသာ ထပ်ဆင့်ဖောက်ခွဲလာနိုင်အောင် သတင်း(ဖြစ်စဉ်)တစ်ခုခုကို အမိအရဆုပ်ကိုင် လက်ဦးမှုယူကာ လိုတိုးပိုလျှော့ သာသာထိုးထိုး အတို့အထောင်တွေ ရောမွှေပုံသွင်းပြီး အသံပေးရှေ့ထွင် ပြောခြင်းပဲဖြစ်ပါတယ်။ ဦးခေမာစာရတို့၊ ဦးဂမ္ဘီရတို့၊ ဦးဩဘာတို့ ဒီပုံစံအတိုင်းလုပ်သွားတာပါ။ သံဃာငယ်တွေကို နေပူမရှောင် မိုးရွာမရှောင် လမ်းပေါ်တွန်းပို့လိုက်ပေမယ့် ပြည်တွင်း တစ်နေရာမှာ ရှိနေပါတယ်ဆိုတဲ့ သံဃာ့တပ်ပေါင်းစုမှ ဦးဂမ္ဘီရတို့လို ကိုယ်တော်တွေက သူတို့ကိုယ်တိုင် လမ်းပေါ်မတက် လမ်းပေါ်မထွက် ခဲ့ပါဘူး။

နောက်တစ်ချက်အနေနဲ့က အမှောင့်လုပ်ငန်း (Subversion)ထဲက လုပ်နည်းလုပ်ဟန်တစ်ခုဖြစ်တဲ့ Barrage ဆိုတဲ့ လုပ်နည်းလုပ်ဟန်ကိုလည်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

**သံဃာတွေရဲ့ ဦးစီးဦးဆောင်မှုနဲ့ လူထုအုံကြွမှုတိုက်ပွဲ လမ်းကြောင်းကို ပုံဖော်မယ်ဆိုတဲ့အတိုင်း NLD ပါတီနဲ့ CRPP ဂိုဏ်းသားတွေဟာ ဆိုင်းဘုတ်တွေကိုင်၊ အလံတွေထူပြီး သံဃာတွေကြားထဲ နေရာဝင်ယူလာခဲ့တယ်။ ကျောင်းသားယောင်ဆောင်ထားသူတွေကလည်း ခွပ်ဒေါင်းအလံတွေတလူလူနဲ့ ခေါင်းထောင်လာကြတယ်။ ဆူပူမှုဖြစ်လာရင် အကြမ်းဖက်ပြီး လုကြယက်ကြမယ့် လူတွေကလည်း သံဃာငယ်တွေရဲ့ စီတန်းလှည့်လည်မှုမှာ လုံးလားထွေးလားတွေနဲ့ ပါလာကုန်ပြီ။ သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းကလည်း ဒီအခြေအနေတွေကို သိပါတယ်။ သိခဲ့လို့လည်း မလိုလားအပ်တဲ့ ပြဿနာတွေ မပေါ်လာအောင် အရေးယူဆောင်ရွက်မှုတွေ လုပ်ခဲ့တဲ့သဘောလို့ပဲ နားလည်ပါတယ်။ ရပ်ရွာအတွင်း တရားဥပဒေ အကာအကွယ်မရှိတော့ဘဲ အုပ်စုဖွဲ့ ရမ်းကား အနိုင်ကျင့်၊ မီးရှို့ခေါင်းဖြတ်သတ်မှုတွေ၊ အစုလိုက်အပြုံလိုက် စွဲချက်အမျိုးမျိုး အတင်ခံရပြီး လူမဆန်စွာ သတ်ဖြတ်မှုတွေရှိခဲ့တဲ့ ၁၉၈၈ မင်းမဲ့စရိုက် အခြေအနေမျိုးကို ဘယ်ပြည်သူကမှ မလိုလားသလို မကြုံတွေ့ မရင်ဆိုင်လိုပါဘူး။**

**စာမျက်နှာ ၉ ဆောင်းပါးမှအဆက်**

ပြည်ပ အသံလွှင့်ဌာနတွေနဲ့ စနစ်တကျ ချိတ်ဆက်ပြီး ပီပီပြင်ပြင် လုပ်သွားတာတွေရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ရပြန်ပါတယ်။ Barrage ဆိုတာက စစ်သုံးဝေါဟာရတစ်ခုပါ။ ကိုယ့်ရဲ့ အားနည်းတဲ့ အပိုင်းကို ရန်သူရဲ့စစ်ဦး တိုးဝင်မလာနိုင်အောင် ပိတ်ဆို့ဟန့်တား လွှဲဖယ်တဲ့အနေနဲ့ ပစ်ကူပေးပြီး ကိုယ့်တပ်ဖွဲ့တွေကို ကာကွယ်တဲ့ သဘောပါ။

အမှောင့်လုပ်ငန်းမှာကျတော့ ပစ်မှတ်ပရိသတ်တွေရဲ့ စိတ်အာရုံ တွေကို ကိုယ့်မိခင်နိုင်ငံ၊ ကိုယ့်အဖွဲ့အစည်းအတွက် ဦးစားပေးရမယ့် အတွေးအခေါ်တွေ ဝင်မသွားအောင် နောက်ကွယ်က ကြိုးကိုင် စေခိုင်းသူတွေရဲ့ လိုရာကို စိတ်ညွတ်တိမ်းပါး ယိမ်းယိုင်လာအောင်နဲ့ အဲဒီလို ဖန်တီးပုံဖော်လိုက်တဲ့ စိတ်အခြေအနေမှာ ပစ်မှတ်ပရိသတ်ရဲ့ စိတ်အာရုံတွေ တည်တံ့နေအောင် တကယ့်ဖြစ်ရပ်မှန် အခြေအနေ တွေအပေါ် မသုံးသပ် မဆင်ခြင်နိုင်အောင် လမ်းလွှဲတာတို့၊ လှည့်ပတ် ပရိယာယ်ဆင်တာတို့၊ သတင်း(ဖြစ်စဉ်) အချက်အလက်တွေကို အမှားနဲ့အမှန် ရောထွေးချိန်ဆ ထုတ်လွှင့်တာတို့ကို ဆိုလိုပါတယ်။

သာသနာဖျက်တွေရဲ့ အဲဒီလုပ်ရပ်တွေ စွမ်းပုံများကတော့ သံဃာငယ်တွေခမျာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သာသနာ သုံးရပ်အရေး အလေးမပေးနိုင်တော့ဘဲ အုပ်စုဖွဲ့ ဂိုဏ်းဂဏအတွေး အခေါ်တွေ လွှမ်းမိုးလာပြီး သာသနာနဲ့ မအပ်စပ်တဲ့ လုပ်ဆောင် ချက်တွေကို သာသနာဖျက်တွေ ခင်းကျင်းပေးတဲ့အတိုင်း လိုက်ပါ ဆောင်ရွက်တဲ့ အခြေအနေတစ်ရပ်အထိ ရောက်သွားခဲ့ပါတော့တယ်။ သာသနာတော်အတွက် ဝမ်းနည်းစရာ၊ ရတက်မအေးစရာတွေ ဖြစ်လာ ခဲ့ရတယ် မဟုတ်ဘူးလားဗျာ။ သက်ဆိုင်ရာ သံဃနာယက ဆရာတော် ကြီးတွေက ဓမ္မစက်နဲ့ တားမြစ်ထိန်းသိမ်းတာကိုတောင် လိုက်နာရ ကောင်းမှန်း မသိတော့တဲ့အပြင် လူထုတိုက်ပွဲပုံစံလမ်းကြောင်းနဲ့ ရင်ဆိုင်ဖီဆန်ဖို့အထိ အရှိန်မြှင့်တင်လာခဲ့တာကို တွေ့ခဲ့ရပါတယ်။ အဲဒီလုပ်ဆောင်ချက်တွေဟာ သာသနာတော်အတွက်သာမက အများ ပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းမှုအတွက်ပါ စိုးရိမ်စရာ အခြေအနေ တွေ ဖြစ်လာခဲ့ပါတယ်။

လမ်းပေါ်တက် လမ်းပေါ်ထွက် စီတန်းလှည့်လည်ကြတဲ့ သံဃာ ငယ်တွေမှာ ဆူပူအုံကြွလိုမှု၊ ရန်းရင်းဆန်ခတ် ဖြစ်စေလိုမှုတွေ ကနဦးအစမှာ လုံးဝမရှိခဲ့ပါဘူး။ အရိပ်အယောင်လည်း မတွေ့ခဲ့ရပါ ဘူး။ အဲဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းကလည်း ဘာဆိုဘာမှ ဟန့်တားပိတ်ဆို့တာမျိုး မလုပ်ခဲ့ပါဘူး။

တာဝန်ရှိသူတွေအပိုင်းက အခြေအနေအရပ်ရပ်အပေါ် ညင်ညင်သာသာ ပျော့ပျော့ပျောင်းပျောင်း ကိုင်တွယ်ထိန်းသိမ်းမှုအပေါ် တလွဲကောက်ချက်ဆွဲသွားကြတဲ့ နောက်ကွယ်က ကြိုးကိုင်စေခိုင်း သူတွေဟာ လူထုအောင်ပွဲက လက်တစ်ကမ်းမှာပဲ ရှိတော့တယ်ဆိုပြီး မီးကုန်ယမ်းကုန်လုပ်ဖို့ မီးပေါင်ကို အမြင့်ဆုံးတင်လာပါတော့တယ်။ အနောက်အုပ်စုက အခါတော်ပေးဆရာကြီးတွေနဲ့ ပြည်ပြေးဂိုဏ်းသား အချို့ဟာ ပြည်တွင်းက ဖြစ်စဉ်တွေ၊ လှုပ်ရှားမှုတွေကို အချိန်နဲ့ တစ်ပြေးညီစောင့်ကြည့်ပြီး ဘာတွေဘယ်လို နှုတ်ကြောင်းပေးလာ ကြတယ် မှတ်လဲ။

**သံဃာတွေရဲ့ဦးစီးဦးဆောင်မှုနဲ့ လူထုအုံကြွမှုတိုက်ပွဲ လမ်းကြောင်းကို ပုံဖော်မယ်ဆိုတဲ့အတိုင်း NLDပါတီနဲ့ CRPPဂိုဏ်းသား တွေဟာ ဆိုင်းဘုတ်တွေကိုင်၊ အလံတွေထူပြီး သံဃာတွေကြားထဲ နေရာဝင်ယူလာခဲ့တယ်။ ကျောင်းသားယောင် ဆောင်ထားသူတွေ ကလည်း ခွပ်ဒေါင်းအလံတွေ တလူလူနဲ့ ခေါင်းထောင်လာကြတယ်။ ဆူပူမှုဖြစ်လာရင် အကြမ်းဖက်ပြီး လုကြယက်ကြမယ့် လူတွေ ကလည်း သံဃာငယ်တွေရဲ့စီတန်းလှည့်လည်မှုမှာ လုံးလားထွေးလား တွေနဲ့ ပါလာကုန်ပြီ။**

**သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းကလည်း ဒီအခြေအနေ တွေကို သိပါတယ်။ သိခဲ့လို့လည်း မလိုလားအပ်တဲ့ ပြဿနာတွေ မပေါ်လာအောင် အရေးယူဆောင်ရွက်မှုတွေ လုပ်ခဲ့တဲ့သဘောလို့ပဲ နားလည်ပါတယ်။ ရပ်ရွာအတွင်း တရားဥပဒေ အကာအကွယ်မရှိ တော့ဘဲ အုပ်စုဖွဲ့ ရမ်းကားအနိုင်ကျင့်၊ မီးရှို့ခေါင်းဖြတ်သတ်မှုတွေ၊ အစုလိုက် အပြုံလိုက် စွဲချက်အမျိုးမျိုး အတင်ခံရပြီး လူမဆန်စွာ သတ်ဖြတ်မှုတွေရှိခဲ့တဲ့ ၁၉၈၈ က မင်းမဲ့စရိုက် အခြေအနေမျိုးကို ဘယ်ပြည်သူကမှ မလိုလားသလို မကြုံတွေ့ မရင်ဆိုင်လိုပါဘူး။**

အဲဒါကြောင့် ပကတိဖြစ်ရပ်ဖြစ်စဉ်တွေအပေါ် ပယောဂမပါတဲ့ အမြင်တွေနဲ့ အရှိကိုအရှိတိုင်း ရှုမြင်သုံးသပ်ပြီး တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းတွေ ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိအောင် တိုင်းပြည်ကိုရော သာသနာကိုပါ ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ ဓမ္မန္တရာယ် လက်သစ်တွေနဲ့ ကာလဝိပ္ပတ္တိ နိုင်ငံရေးအောက်လမ်းသမားတွေရဲ့ ကြံစည်လုပ်ဆောင်ချက်တွေကို ဝိုင်းဝန်းကာကွယ်ကြပါစို့။ ။

# နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၆

**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၈ရက်နှင့် ၁၄ရက်တို့တွင် ဥပဒေနှင့်အညီသက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲ များ ပြုလုပ်ခဲ့ကြသည်။**



**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မိုင်းပန်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။**

(သတင်းစဉ်)

## ရသေ့တောင်

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ရသေ့တောင်မြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှပြည်သူအင်အား ၁၀၀၀ကျော် တို့သည် အောက်တိုဘာ ၈ရက်နံနက် ၈ နာရီတွင် ရသေ့တောင်မြို့ရုံးတက်လမ်းမှ မြို့တွင်းရှိ အောင်မင်္ဂလာလမ်း၊ ၎င်းမှနန္ဒာလမ်း၊ ၎င်းမှမင်းဘာကြီးလမ်း၊ ၎င်းမှ ဦးဥတ္တမလမ်းအတိုင်းလှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုထောက်ခံသည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး နိုင်ငံတော်အလံများနှင့် လက်ကိုင်ဆိုင်းဘုတ် ၅၀ကျော်တို့ကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

## မိုင်းပန်

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မိုင်းပန်မြို့နယ်ရှိ ရပ်ကွက်၄ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁အုပ်စုရှိ ကျေးရွာပေါင်း ၃၈ရွာမှ ပြည်သူအင်အား ၁၀၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီခွဲတွင် မိုင်းပန်မြို့အတွင်းလှည့်လည်၍ ဒို့တာဝန်အရေး (၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ သူ့ကျွန်မခံပါ၊ အမျိုးသားညီလာခံကို ထောက် ခံသည်၊ ဖွဲ့စည်းပုံအခြေအခံဥပဒေကို ကြိုဆိုပါသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်) အစိဋ္ဌာန်ပွဲများကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာအနီးရှိ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ၌ လစဉ်ပြုလုပ်လျက်ရှိသော သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်ပွဲများကို (အောက်တိုဘာ ၁၉ရက် ညနေမှ ၂၆ရက် နံနက်အထိ၊ နိုဝင်ဘာ၂၃ရက် ညနေမှ၃၀ရက်နံနက်အထိ) ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၇-၁၀-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၀၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၇။ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Let's Go |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | ဆောင်းပါးရှင်ဗညားအောင်၏ **"လမ်းကြောင်းလည်း မပြောင်းပါ၊ စိုးရိမ်ရန်လည်း မလိုပါ"** |
| ၁၆း၃၀ | ၃။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(စိတ်ပညာအထူးပြု) [စိတ်ပညာ] |
| ၁၇း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၁၅ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇း၂၅ | ၇။ | သီချင်းကြီးပဒေသာ |
| ၁၇း၃၅ | ၈။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၁၈း၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၁။ | မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့ |
| ၁၈း၅၀ | ၁၂။ | လွင်မိုး ခရီးသွားနေသည် |
| ၁၉း၂၀ | ၁၃။ | (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (အလေးမ) |
| ၁၉း၃၀ | ၁၄။ | **ကုသမနေး တီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး) |
| ၁၉း၄၅ | ၁၅။ | ဆင်းရွှေလီစပါး(အပိုင်း-၂) |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်မှုအစီအစဉ် အကဲဖြတ်အဖွဲ့ဝင်များနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ လက်ဆင့်ကမ်းဝေ မျိုးဆက်အမွေ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်** |

## ယိုးစွပ်မည်မှာ–ဓမ္မတာ

❖ အသီးစားချင် သီးပင်ကိုပျိုး<br>မြေကိုထိုးဆွ ဒို့မျိုးချစဉ်<br>သူလျှင်လာရောက် အမြဲနှောက်။

❖ အပွင့်ပန်ချင် ပန်းပင်ကိုပျိုး<br>မြေကိုထိုးဆွ ဒို့မျိုးချစဉ်<br>သူလျှင်လာရောက် အမြဲနှောက်။

❖ အရိပ်ခိုချင် အရိပ်ပင်ပျိုး<br>မြေကိုထိုးဆွ ဒို့မျိုးချစဉ်<br>သူလျှင်လာရောက် အမြဲနှောက်။

❖ မဖိတ်မခေါ် မဆော်မဩ<br>သူ့သဘောနှင့်၊<br>ပေါက်သောသီးပင် သက်မရှင်ဖို့<br>ပေါက်သောပန်းပင် လန်းမရှင်ဖို့<br>ပေါက်သောအရိပ် လောင်းရိပ်ဝင်ဖို့<br>တမင်နှောင့်ယှက် သူလာဖျက်သည်<br>ပေါင်းမြက်ချုံပုတ် သူ့အလုပ်။

❖ "ဩော် ----"<br>မည်သည့်အရာ မဆိုသာတည့်<br>မှန်ရာကိုကြိုး ဒို့သယ်ပိုးလည်း<br>ကောင်းကျိုးကိုရည် ဒို့ဦးတည်လည်း<br>အမှားရှေ့တိုး အဖျက်မျိုးဖြင့်<br>ယိုးစွပ်မည်မှာ ဓမ္မတာဟု<br>တွေးကာစဉ်းစား ဒေါမာန်မပွားနှင့်။<br>လုပ်ဆောင်ဖွယ်ရာ ပြည့်တွက်တာကို<br>တွေ့ဝေမှုကင်း ဖွဲမာန်တင်း၍<br>ချီတက်ကြစို့ သူငယ်ချင်း။ ။

စိုင်းသိန်း (ကျိုင်းတုံ)

# ဟန်ဂေရီတွင် နေတိုးရေဒါစခန်းတည်ဆောက်မှု ပြည်သူပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြ

**ဘူဒါပက် အောက်တိုဘာ ၁၆**

ဟန်ဂေရီနိုင်ငံ ကျူဘစ်တောင်ကုန်းဒေသအနီးတွင် နေတိုးတပ်ဖွဲ့ ရေဒါစခန်းတည်ဆောက်မည့် အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် အနောက်တောင်ပိုင်း ပက်စ်ဒေသတွင် အောက်တိုဘာ ၁၃ရက်က လူ၁၀၀၀မှ ၁၅၀၀ခန့် ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်သည်။ ဒေသအတွင်းရှိ ဂရင်းန်ပိစ်အဖွဲ့နှင့် လူထုလှုပ်ရှားမှုအဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင်များလည်း ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ပြီး မြို့ပြအနီးတွင် ရေဒါစခန်းတည်ဆောက် ဖွင့်လှစ်မှုကို အလိုမရှိဟု ကြွေးကြော်ခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော စစ်ပွဲများအားလုံးနှင့် စစ်ဘက်ဆိုင်ရာ ပြဿနာများအားလုံးကိုလည်း ဆန့်ကျင်ကြောင်း ထုတ်ဖော်ခဲ့ကြသည်။

**အကျပ်ကိုင်**

ဆန္ဒပြသူများသည် ကာကွယ်ရေးဝန်ကြီးဌာန၏ အဆောက်အအုံဆောက်လုပ်ခွင့်ကို ဆိုင်းငံ့ထားရန် ဘူဒါပက်တရားရုံးသို့ လျှောက်လွှာတင် တောင်းဆိုခဲ့ကြပြီး လျှောက်လွှာများကို အကြောင်းပြန်ရန် တရားရုံးမှတစ်ဆင့် ယင်းဝန်ကြီးဌာနကို အကျပ်ကိုင်ခဲ့ကြကြောင်း ဒေသတွင်းအုပ်စုများအနက်မှ တစ်ခုဖြစ်သည့် စီအမ်အမ်အဖွဲ့ အမျိုးသမီးပြောရေးဆိုခွင့်ရှိသူ စီဆီလ်လာဇစ်ဇီက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**စွမ်းရည်ပြသ**

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသော လေကြောင်းပြပွဲတွင် စွမ်းရည် ပြသနေသည့် လေယာဉ်များကို အောက်တိုဘာ ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ တောင်ယာစိုက်ပျိုးမှု ပျော်ပွဲရွှင်ပွဲ ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားတွင် ဒေသအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သရုပ်ပြသနေသည်ကို အောက်တိုဘာ ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ပိုလန်နိုင်ငံတွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြ

ဝါဆော အောက်တိုဘာ ၁၆

**ပိုလန်နိုင်ငံ ဝါဆောမြို့လယ်တွင် ရာပေါင်းများစွာသော စစ်ဆန့်ကျင်ရေးဆန္ဒပြသူများက အီရတ်နှင့်အာဖဂန်နစ္စတန်တို့မှ ပိုလန်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရေး တောင်းဆိုခဲ့ကြပြီး ပိုလန်တွင် အမေရိကန်၏ ဒုံးကာကွယ်ရေးစနစ် ဖြန့်ကြက်ထားရှိမည့် အစီအစဉ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။**

ယင်းဆန္ဒပြမှုကို ပိုလန်စစ်တားဆီးရေးအဖွဲ့မှ စီစဉ်ဦးဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကြွေးကြော်**

စီတန်းလှည့်လည်သူများသည် သိပ္ပံနှင့်ယဉ်ကျေးမှုဌာနကြီးမှစတင်ကာ ပိုလန်ရှိ အမေရိကန်သံရုံးကို ဖြတ်ကျော်ပြီး ပါလီမန်အဆောက်အအုံသို့ ဆက်လက်ချီတက်ခဲ့ကြသည်။ ဆန္ဒပြသူများသည် အီရတ်ကို သိမ်းပိုက်ထားမှုအား ရပ်ဆိုင်းရေး၊ အီရတ်နှင့်အာဖဂန်နစ္စတန်တို့မှ ပိုလန်တပ်ဖွဲ့များအား ရုပ်သိမ်းရေးနှင့် ပိုလန်နိုင်ငံတွင် အမေရိကန် ဒုံးကာကွယ်ရေး စနစ်ကို ခွင့်မပြုရေး စသည့်နဖူးစည်းစာတန်းများကို ကိုင်ဆောင် ကြွေးကြော်ခဲ့ကြသည်။

အီရတ်စစ် စတင်ချိန်ကတည်းက ယင်းနိုင်ငံသို့ ပိုလန်တပ်ဖွဲ့ဝင် ၂၅၀၀အထိ စေလွှတ်ခဲ့ဖူးပြီး ယခုအခါ တပ်ဖွဲ့ဝင် ၉၀၀ ရှိနေသည်။ အီရတ်စစ်ပွဲကြောင့် ယနေ့အထိ ပိုလန်တပ်ဖွဲ့ဝင် ၂၀ ကျော် သေဆုံးခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလန်တပ်ဖွဲ့ဝင် ၁၂၀၀ ခန့်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ယခုနှစ် ပထမကိုးလအတွင်း
## ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ် ဝန်ဆောင်မှု မြင့်တက်

**ဟောင်ကောင် အောက်တိုဘာ ၁၆**

ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယခုနှစ် စက်တင်ဘာလအတွင်း ခရီးသည် ၃ ဒသမ ၈၂ သန်း ဝန်ဆောင်မှုပေးနိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလကထက် ၈ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အောက်တိုဘာ ၁၄ ရက်တွင် အဆိုပါလေဆိပ်စာရင်းများက ဖော်ပြသည်။

**မြင့်တက်**

ယခုနှစ် စက်တင်ဘာလအတွင်း လေဆိပ်မှ ကုန်စည်တန်ချိန် ၃၄၂၀၀၀ ဝန်ဆောင်မှုပေးနိုင်ခဲ့ရာ ယခင်နှစ်ကာလကထက် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့၍ လေကြောင်း ကုန်စည် ဝန်ဆောင်မှုအနေဖြင့် အခွန်ငွေ ၆ ဒသမ ၁ ရာခိုင်နှုန်း ရရှိသည်။

**ဝန်ဆောင်မှု**

ဟောင်ကောင်လေဆိပ်၌ အဓိကအားဖြင့် ဥရောပနိုင်ငံများမှ ခရီးသည်အများဆုံးဝန်ဆောင်မှုပေးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အခြားသောအရှေ့တောင်အာရှနိုင်ငံများ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ကိုရီးယားသမ္မတနိုင်ငံများပါဝင်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ကမ္ဘောဒီးယားနှင့် မဒါဂါးစကား နိုင်ငံတို့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မည်

**ဖနောင်ပင် အောက်တိုဘာ ၁၆**

ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် မဒါဂါးစကားနိုင်ငံ ခရီးသွားလုပ်ငန်းတို့သည် နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးသောင်ခွန်နှင့် မဒါဂါးစကားသံအမတ် နီဟော်စီကိုနီနက်ဗ်တို့ သဘောတူညီခဲ့ကြောင်း အောက်တိုဘာ ၁၄ ရက်တွင် ပြည်တွင်း မီဒီယာများက ပြောကြားသည်။

**စိတ်ဝင်စားဖွယ်**

အဆိုပါသဘောတူညီမှုတွင် နှစ်နိုင်ငံကြား သဘာဝထူးခြားသည့် နေရာဒေသများစွာရှိကြောင်း သောင်ခွန်က ပြောကြားရာတွင် ၎င်းတို့နိုင်ငံအနေ ဖြင့် သဘာဝအလျောက်ဖြစ်တည်သည့် သာယာလှပသောကန်များ၊ ပင်လယ်ကမ်းခြေများ၊ တိရစ္ဆာန်ဥယျာဉ်များ စသည်ဖြင့် ကမ္ဘာလှည့်ခရီးသည်များ အနေဖြင့် စိတ်ဝင်စားဖွယ်ရာများရှိကြောင်း ပြောကြားသည်။

**ရောက်ရှိ**

မဒါဂါးစကားကျွန်းနိုင်ငံ အနေဖြင့်လည်း အိန္ဒိယပင်လယ်၊ အာဖရိကအရှေ့တောင်ပိုင်းကမ်းခြေဒေသများ ဝန်းရံသည့်အလျောက် သဘာဝရေတံခွန်များ၊ သာယာလှပသည့် သဘာဝသစ်တောများတည်ရှိပေရာ နှစ်စဉ်ကမ္ဘာလှည့် ခရီးသည် သန်းပေါင်းများစွာ ရောက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက်မှု အရပ်သားလေးဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၆

**ဘဂ္ဂဒက်မြောက်ပိုင်း ဘာဒီမီယာ၌ အောက်တိုဘာ ၁၄ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတွင် အရပ်သားလေးဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။**

တိုက်ခိုက်

**ရာမဒန်ဥပုသ်လအပြီး ဘာသာရေးပွဲတော် ဒုတိယမြောက်နေ့အဖြစ် အောက်တိုဘာ ၁၄ ရက်က အီရတ်ရှီးယိုက် မွတ်စလင်တို့ ဆင်နွှဲနေစဉ် ယင်းကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်သည်။**

အမ်အင်န်အေ၊ဆင်ဟွာ

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# တာလီဘန်စစ်သွေးကြွနှစ်ဦး ပါကစ္စတန်တပ်ဖွဲ့ ကပစ်သတ်

**အစ္စလမ္မာဘတ် အောက်တိုဘာ ၁၆**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဂါဇီရစ္စတန်ဒေသအတွင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးဂိတ်ကို စစ်သွေးကြွများက တိုက်ခိုက်သဖြင့် တာလီဘန်လိုလားသည့် အဆိုပါ စစ်သွေးကြွလက်နက်ကိုင်နှစ်ဦးအား ပါကစ္စတန် တပ်ဖွဲ့ဝင်များက အောက်တိုဘာ၁၄တွင် ပစ်သတ်လိုက်သည်။

**လွတ်မြောက်**

အခြား စစ်သွေးကြွ နှစ်ဦး လွတ်မြောက် ထွက်ပြေးသွားကြောင်း ပါကစ္စတန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဝါဟတ် အာရှတ်ကပြောကြားသည်။

**(အင်တာနက်)**



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ဆာမာရာမြို့တွင် အသေခံကားဗုံးခွဲ တိုက်ခိုက်ပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၄ ရက်က တွေ့ရစဉ်။**

(အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၈ ဦးသေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

# ရန်ကုန်တိုင်းသည် စီးပွားရေးနှင့် ကုန်သွယ်ရေးတွင် အဓိကကျသောတိုင်းဖြစ် စီးပွားရေးရည်မှန်းချက်များ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် အစိုးရနှင့်ပြည်သူ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျှင် အရာရာကိုအောင်မြင်နိုင်

**အမှာစကား ပြောကြား**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာနှင့် ရွှေပြည်သာ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)





ရန်ကုန် အောက်တိုဘာ ၁၆

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသော လှိုင်သာယာနှင့် ရွှေပြည်သာစက်မှု ဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။**

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊လှိုင်သာယာနှင့်ရွှေပြည်သာမြို့နယ်များမှ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လှိုင်သာယာနှင့်ရွှေပြည်သာ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် မိမိယခုကဲ့သို့ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် လာရောက်တွေ့ဆုံခြင်းမှာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ပံ့ပိုးကူညီပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးမှာ အဓိကဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာပြီး၊ တရားဥပဒေစိုးမိုးနိုင်မှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့အစိုးရက နိုင်ငံတော်ကို တာဝန်ယူပြီးနောက်ဈေးကွက်စီးပွားရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စက်မှုဇုန်များ တည်ထောင်ပြီး လုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းများ တည်ထောင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် စက်မှုလုပ်ငန်းသည်လည်း အရေးပါကြောင်း၊ ရန်ကုန်တိုင်းသည် စီးပွားရေးနှင့် ကုန်သွယ်ရေးတွင် အဓိကကျသော တိုင်းတစ်တိုင်းဖြစ်၍ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မိမိတို့က ဆောင်ရွက်ပေးနိုင်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

အစိုးရနှင့်ပြည်သူ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက် အရာရာကို အောင်မြင်အောင် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်များကထက် မိုးရွာသွန်းမှုပိုသဖြင့် ရေအားလျှပ်စစ်အပြင် သဘာဝဓာတ်ငွေ့သုံး ဂျင်နရေတာစက်လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဝေပေးလျက်ရှိကြောင်း၊ နေ့ဘက်တွင် စက်မှုဇုန်များကို ဦးစားပေးပြီး ဖြန့်ဝေပေးလျက်ရှိရာ စက်မှုဇုန်များက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ သုံးစွဲလျက်ရှိကြောင်း၊ ညဘက်ပြည်သူများ အိပ်စက်အနားယူချိန် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို စက်မှုဇုန်များရှိစက်မှုလုပ်ငန်းရှင်များက ညပိုင်းတွင် ညဆိုင်းဖြင့်ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်လျှင် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း။

စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီများကလည်း မိမိတို့စက်မှုဇုန်အတွင်းရှိ လမ်းများ၊ ရေမြောင်းများကို မိမိတို့ ကောက်ခံထားသည့် ရန်ပုံငွေများဖြင့် ပြုပြင်သွားရန်လိုကြောင်း၊ နိုင်ငံတော်က မိမိတို့ တိုင်းရင်းသားများ ကြီးပွားတိုးတက်သည်ကို မြင်တွေ့လိုကြောင်း၊ မိမိတို့ တိုင်းပြည်နှင့်လူမျိုးကို မိမိတို့ လူမျိုးထက် မည်သူကမှ ပို၍ချစ်နိုင်မည်မဟုတ်ကြောင်း၊ အခက်အခဲများရှိပါက တင်ပြလျှင် ကူညီပံ့ပိုးဖြေရှင်းပေးမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ပြောကြားရာတွင် လုပ်ငန်းရှင်များ အခက်အခဲရှိလျှင် မိမိတို့အခက်အခဲဟု မှတ်ယူကြောင်း၊ လုပ်ငန်းရှင်များ အဆင်ပြေလျှင် မိမိ အဆင်ပြေသည်ဟု မှတ်ယူပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ရှာခြင်း၊ အထက်ဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း၊ ကုန်ကြမ်းရရှိရေး၊ လျှပ်စစ်ဓာတ်အား သင့်တင့်မျှတစွာ ရရှိရေးစသည့် အခက်အခဲများကို အဆင်ပြေအောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း ဆောင်ရွက်ရမည့် စီးပွားရေးရည်မှန်းချက်များ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ပိုမိုတိုးမြှင့်ဆောင်ရွက်

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောကြားရာတွင် လမ်း၊ ရေ သန့်ရှင်းရေးကိစ္စများနှင့် စပ်လျဉ်း၍ ယခုအခါ မိုးရွာသွန်းမှုနည်းပါးသွားပြီဖြစ်၍ လမ်းများပြုပြင်ခင်းကျင်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များရှိ လမ်းများခင်းရေး၊ လမ်းဘေးရေမြောင်းများ ဖောက်လုပ်ရေးတို့အတွက် သက်ဆိုင်ရာဇုန်တာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ရေပေးဝေရေးအတွက် ငမိုးရိပ်ရေပေးဝေရေးအဆင့်(၁) ပြီးစီးသွားပြီး အဆင့်(၂) ပြီးစီးပါက ရေပြန်ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သန့်ရှင်းရေးကိစ္စကိုလည်း ယခင်ကထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးလျက် ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အိုးအိမ်တည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့ရေး၊ လမ်း၊ တံတားများ ထိန်းသိမ်းပြုပြင်အသုံးချရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်ကြီး ၁၇ ခု တည်ထောင်ဆောင်ရွက်နေမှု၊ မြောင်းတကာ သံမဏိစက်မှုဇုန် တည်ဆောက်ပြီးစီးမှု၊ ပြည်သူများ အလုပ်အကိုင်များရရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းနှင့် ရွှေပြည်သာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးအောင်သိန်းတို့က စက်မှုလုပ်ငန်းရှင်များကိုယ်စား လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၇ မှ**

နည်းသည့်နိုင်ငံကို အမျိုးမျိုးစွပ်စွဲပြီး ပုတ်ခတ်ပြောဆိုနေတာဟာ တရားသလား၊ မတရားဘူးလားဆိုသည်ကို စဉ်းစားကြည့်ကြစမ်းပါဟု ပြောချင်ကြောင်း။

## အမျိုးသားရေးစိတ်ဓာတ်

ပြောစရာမရှိသည်များကို ဇွတ်အတင်းကြီး ပြောဆိုနေကြခြင်းသည် မတရားရာ ကျလွန်းအားကြီးကြောင်း၊ အင်အားကြီးနိုင်ငံက ပြောဆိုနေကြခြင်းများကိုလက်မခံဘဲ အမှန်ကို အမှန်အတိုင်းသာ လက်ခံစဉ်းစားသင့်ကြောင်းကို အလေးအနက် တင်ပြအပ်ပါကြောင်း၊ ထို့အပြင် ပြီးခဲ့သည့် အောက်တိုဘာ ၁၁ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ ကြေညာချက်နှင့်ပတ်သက်ပြီး မန္တလေးတိုင်း ပြည်သူလူထုကြီးက များစွာစိတ်မကောင်းဖြစ်ရပါကြောင်းကို ပြောကြားလိုကြောင်း၊ မိမိတို့ ပြည်သူများအနေဖြင့် ပကတိ တည်ရှိနေသည့် အမှန်တရားများကိုလက်ခံပြီး အမျိုးသားညီလာခံကြီးက ချမှတ်ပေးသည့် အခြေခံမူများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားရေးစိတ်ဓာတ်အခြေခံနှင့်အညီ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အတိအလင်း ပြောကြားလိုကြောင်း။

ပြည်သူလူထုထဲက ပြည်သူများဖြစ်သည့် မိမိတို့စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေကလည်း အနှစ်သာရ ပြည့်ဝစွာဖြင့် အောင်အောင်မြင်မြင် ပြီးစီးသွားပြီဖြစ်သည့်အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအလယ်တွင် ထည်ဝါခံ့ညားစွာပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကို အားရဝမ်းသာ လိုလိုလားလား ကြိုဆိုပါကြောင်း၊ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် အန္တရာယ်ပြုနေသည့်နိုင်ငံကြီးများနှင့် ၎င်း၏နောက်လိုက် အသံလွှင့်ဌာနများ၏ လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် သဘာပတိက အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုနှင့်စပ်လျဉ်း၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများ၏လုပ်ရပ်အပြင် မဟုတ်မမှန်လုပ်ကြံထုတ်လွှင့်နေသည့် ပြည်ပအသံလွှင့်ဌာနများ၏လုပ်ရပ်များကို ရှုတ်ချကန့်ကွက်ကြောင်းအဆိုကို ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက်၈နာရီ၁၀မိနစ်တွင် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲလူထုအစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၃ မှ**

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ နိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဝင်များ၊ ၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ ဆုရမြို့နယ်များမှ ကိုယ်စားလှယ်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ဆုရကျောင်းသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြား ရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ဖတ်ကြားသည်။

ထို့နောက် ၂၀၀၇ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍပြိုင်ပွဲများတွင် ထူးချွန်ဆုများ၊ စာစီစာကုံးများ၊ ပန်းချီ နှင့် ပိုစတာပြိုင်ပွဲများကို ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping တို့က ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များသည် အစည်းအဝေးခန်းမရှေ့၌ ၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာ စိုက်ပျိုးရေးအဖွဲ့ လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသော ပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးပပျောက်ရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ

မောင်မောင်ကျော်

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းသည် မွန်မြတ်သော စီမံကိန်းကြီး ဖြစ်သည်။ တပ်မတော်အစိုးရ နိုင်ငံ့တာဝန် ရယူခဲ့ရစဉ် ကာလမှ ယနေ့ကာလအထိ နယ်စပ်ဒေသများ တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးအောင် တိုးတက်ဖော်ဆောင်နိုင်သဖြင့် နယ်စပ်ဒေသ၏ လူမှုစီးပွားရေး အခြေအနေများသည် မျှော်မှန်းသည်ထက် ပိုမို အောင်မြင်ခဲ့သည်။ အကျိုးဆက်အဖြစ် နယ်ချဲ့၏ ဆိုးမွေကျန်နေရစ်သည့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုကိုပါ သိသိသာသာ လျော့နည်းကျဆင်းလာစေခဲ့သည်။ ဆိုးမွေကို လက်မခံ၊ ကောင်းမွေကို ဆက်ခံနိုင်အောင် ကြောင်းကျိုးဆီလျော် ဖော်ဆောင် ပေးနေသည့် မျက်မှောက်ခေတ်၏ အောင်မြင်မှုတစ်ခုကို အောက်ပါ မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှုက သာဓကပြနေပေသည်။

ဘိန်းခင်းစိုက်ပျိုးမှု လျော့ချခြင်းတွင် ၁၉၈၈ ခုနှစ်က ၆၁၅၆၂ ဧက ရှိခဲ့ရာမှ ယခုအခါ ၃၉၂၃ ဧကသာရှိခဲ့သဖြင့် ၅၇၆၃၉ ဧက လျော့ချနိုင်ကာ ၉၄ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်။ ဘိန်းခင်း ဖျက်ဆီးမှု တိုးမြှင့်ခြင်း၌ ၁၉၈၈ ခုနှစ်က ၂၁၁၁ဒသမ ၃၅ ဧကသာ ဖျက်ဆီးနိုင်ခဲ့သော်လည်း ယခုအခါ ၁၆၈၈၈ ဒသမ ၅၆ ဧက ဖျက်ဆီးနိုင်ခဲ့သဖြင့် ၁၆၈၆၇၇ ဒသမ ၂၁ ဧက တိုးတက် ဖျက်ဆီးနိုင်ခဲ့သည်။ ဘိန်းမျိုးစေ့များ အပ်နှံလာခြင်းတွင် ၁၉၈၈ခုနှစ်က မရှိခဲ့ဘဲ ယခုအခါ ၁၁၈၅၃၀ပြည် ဖျက်ဆီးနိုင်ခဲ့သည်။ ဖမ်းမိမူးယစ်ဆေးဝါးများဖျက်ဆီးမှုတွင်ရန်ကုန်တိုင်း၌ ၁၉၈၈ခုနှစ်ကမရှိခဲ့ဘဲ ယခုအခါ အကြိမ်(၂၀) ရှိခဲ့ပြီး တိုးတက်မှု ၂၀ ရှိခဲ့သည်။ ပြည်နယ်နှင့် တိုင်းများတွင် ၁၉၈၈ခုနှစ်က မူးယစ်ဆေးဝါးဖျက်ဆီးမှု မရှိခဲ့ဘဲ ယခုအခါ (၄၂)ကြိမ် ဖျက်ဆီးခဲ့သည်။

ရန်ကုန်မြို့တွင် ယမန်နှစ်က ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ် (၂၀)မြောက် မီးရှို့ဖျက်ဆီးပြီးနောက် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ တစ်ကြိမ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တစ်ကြိမ်စုစုပေါင်း နှစ်ကြိမ် မီးရှို့ဖျက်ဆီးခဲ့သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၀၂ ခုနှစ်မှ ယနေ့ ကာလအထိ စုစုပေါင်း ခြောက်ကြိမ် မီးရှို့ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဘိန်းအစားထိုး သီးနှံစိုက်ပျိုးမှု မြှင့်တင်ခြင်းတွင် ၁၉၈၈ခုနှစ်က နှစ်ချင်းသီးနှံ စိုက်ပျိုးမှု မရှိခဲ့ဘဲ ယခုအခါ ၁၃၃၁၆၆၈ဧကရှိခဲ့သည်။ နှစ်ရှည် သီးနှံစိုက်ပျိုးမှုတွင် ၁၉၈၈ ခုနှစ်က မရှိခဲ့ဘဲ ယခုအခါ ၃၂၉၉၆၉ ဧက ရှိခဲ့သဖြင့် ၃၂၉၉၆၉ ဧက တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။ ပြုစုပျိုးထောင်ရေးစခန်းအနေဖြင့် ၁၉၈၈ ခုနှစ်က စခန်းနှစ်ခုရှိခဲ့ပြီး ယခုအခါ သုံးခုရှိသဖြင့် တိုးတက်မှု တစ်ခုရှိခဲ့သည်။ မူးယစ်ဆေးဝါးပပျောက်ရေး ပြတိုက်အနေဖြင့် ၁၉၈၈ ခုနှစ်က မရှိခဲ့ဘဲ ယခုအခါ သုံးခုအထိရှိခဲ့သည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်။

**ဘိန်းပပျောက်ရေး အတွက် မြန်မာနိုင်ငံက ဘက်ပေါင်းစုံ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် United Nations Office on Drugs and Crime, UNODC ၏ အစီရင်ခံစာများအရ လွန်ခဲ့သည့် ဆယ်နှစ်ဖြစ်သည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု လျော့ကျလာသည်ကို အောက်ပါအတိုင်း သိသာထင်ရှားစွာ တွေ့ရမည်ဖြစ်သည်–**

- **၁၉၉၇ခုနှစ်တွင် ဘိန်းဟက်တာ ၁၅၅၁၅၀ စိုက်ပျိုးပြီး ဘိန်း ၁၆၇၆ တန်ထွက်ရှိခဲ့သည်၊**
- **၂၀၀၆ခုနှစ်တွင် ဘိန်းဟက်တာ ၂၁၅၀၀စိုက်ပျိုးပြီး ၃၁၅တန် ထွက်ရှိကြောင်း တွေ့ရသည်။**

**ယင်းကဲ့သို့ ဘိန်းစိုက်ပျိုးမှု လျော့နည်း ကျဆင်းမှုများသည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ချမှတ် အကောင်အထည် ဖော်နေသည့် မဟာဗျူဟာ၊ နည်းဗျူဟာများ မှန်ကန်သဖြင့် အောင်မြင်မှု ရလဒ်များအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ထိုအောင်မြင်မှု အကျိုးဆက်များအဖြစ် မကြာမီ ကာလအတွင်း၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်တော့မည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပါသည်။ ။**




ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးစဉ်။

**ဘိန်းအစားထိုး သီးနှံစိုက်ခင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသရှိ ဘိန်းအစားထိုး သီးနှံစိုက်ခင်း။



**ဘိန်းစိုက်ပျိုးမှု လျော့နည်းကျဆင်းမှုများသည် မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ချမှတ် အကောင်အထည်ဖော်နေသည့် မဟာဗျူဟာ၊ နည်းဗျူဟာများ မှန်ကန်သဖြင့် အောင်မြင်မှု ရလဒ်များအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ထိုအောင်မြင်မှု အကျိုးဆက်များအဖြစ် မကြာမီ ကာလအတွင်း၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝ ချုပ်ငြိမ်း ပပျောက်တော့မည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်၏။**

# လှိုင်ကော်မြို့ အမှတ်(၁)စက်မှုရပ်ကွက် ဓာတ်အားခွဲရုံဖွင့်

**လှိုင်ကော် စက်တင်ဘာ ၂၀**

ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်သည် စက်တင်ဘာ ၂ ရက် နံနက် ၈နာရီက လှိုင်ကော်မြို့ အမှတ်(၁) စက်မှု ရပ်ကွက် အောင်မင်္ဂလာဈေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဒေသဆိုင်ရာ စက်မှုလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လတ်က ဈေးရုံ တည်ဆောက်ရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဒေသ ဆိုင်ရာ စက်မှုလုပ်ငန်း လုံခြုံရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ရဲမှူးကြီးပေါ်တင်က စက်မှုရပ်ကွက် တည်ဆောက်ရေးလုပ်ငန်း များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒေသဆိုင်ရာ စက်မှုလုပ်ငန်း လုံခြုံရေး ကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ပေါ်တင်၊ ဒေသဆိုင်ရာ စက်မှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးခင်မောင်လတ်၊ နွားလပိုးကျေးရွာဥက္ကဋ္ဌတို့က ဈေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့်ဇနီး ဒေါ်တင် တင်ကြည်တို့က တက်ရောက်လာကြသော ဒေသခံပြည်သူ များအား အိုင်အိုဒင်းဆားများ ဝေငှပေးပြီး ဈေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်သည် ညနေ ၅နာရီခွဲက လှိုင်ကော်မြို့ အမှတ်(၁)စက်မှုရပ်ကွက် 11/0.4KV-315KVA ဓာတ်အား ခွဲရုံဖွင့်ပွဲနှင့် ရပ်ကွက် အတွင်း ဓာတ်အားစတင်ဖြန့်ဖြူးခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေသဆိုင်ရာ စက်မှုလုပ်ငန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးစန်းလွင်နှင့် စက်မှုရပ်ကွက် လျှပ်စစ်မီးရရှိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ် လျှပ်စစ် အင်ဂျင်နီယာ ဦးသိန်းထွန်းဝင်းတို့က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသဆိုင်ရာ စက်မှုလုပ်ငန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စန်းလွင်နှင့် စက်မှုရပ်ကွက် လျှပ်စစ်မီးရရှိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာဦးသိန်းထွန်းဝင်းနှင့် စက်မှုလုပ်ငန်းရှင် ဦးမော် မော်တို့က ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်က 315KVAဓာတ်အား ခွဲရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ စက်မှုရပ်ကွက်အတွင်း လျှပ်စစ်မီး အလင်းရရှိနေမှုကို လိုက်လံကြည့်ရှုကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာန် အောင် စေတီအနီး မိုးကုတ် ဝိပဿနာ သုညတဓမ္မကျောင်း တိုက်အတွင်း အဂ္ဂ ဓမ္မကျောင်း သုံးထပ် ဆောင် မတည်အလှူ ရှင် ရဟန်းဒါယိကာမ ကြီး ဒေါ်ချားရီနှင့် သားသမီး၊ မြေး တစ်စု ပုဇွန်တောင် မြို့နယ်က အလှူငွေ ကျပ် လေးသိန်းကို သုညတ ဓမ္မဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# စဥ့်ကူမြို့ ရွှေဂူစေတီတော် ပြုပြင်ရန် ဆက်သွယ်လှူဒါန်းနိုင်

**ညောင်ဦး အောက်တိုဘာ ၁၄**

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ရှေးဟောင်း စိန္တာ မုနိစေတီတော်၊ မြို့တွင်း ရွှေဂူစေတီ တော်၊ ဝါကြိုစေတီတော်၊ သိမ်တော် စေတီတော် လေးဆူကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က ကြီးမှူး ၍ ဒီဇင်ဘာ ၂၄ရက်တွင် တိုင်းရင်းဆေး သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်) ဖြူစင်မေတ္တာဆေးတိုက်က ငွေကျပ် ၁၁၇ သိန်းတန် စိန်ဖူးတော်ကို စိန္တာမုနိ စေတီတော်ကြီးတွင် အထွတ်တင်လှူပွဲ၊ သီရိသုဓမ္မ မဏိဇောတရေ ဦးမြင့်စိုး- ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစုက မြို့တွင်း ရွှေဂူစေတီတော်၊ သမားတော် ကြီး ဦးကျော်စိန်(မိုးကုတ်)-ဒေါ်နန်း ခမ်းဆာ မိသားစုက ဝါကြိုစေတီတော်၊ စဥ့်ကူမြို့ကုန်းရပ်ကွက် ဒေါ်မွှေးမွှေးနှင့် ညီမများက သိမ်တော် စေတီတော်တို့တွင် လှူဒါန်းသည့် ရွှေထီးတော်အသစ် သုံးလက် တင်လှူပွဲကို စည်ကားစွာ ကျင်းပမည်ဖြစ်ရာ မြို့တွင်းရွှေဂူစေတီ၏ ကာလသာအိုးလေးလုံးနှင့် အရံ စေတီလေးဆူ အသစ်ပြန်လည် ပြုပြင် မည်ဖြစ်ရာ ရွှေထီးတော်အပါ အဝင် ကာလသာအိုး (သို့မဟုတ်) အရံစေတီ တစ်ဆူလျှင် ငွေကျပ် ၁၈၀၀၀၀ နှင့် မုခ်သုံးခုတွင် ၄၅ လက်မ ရုပ်တော်မှ ကျောက်ဆင်းတုတော် သုံးဆူအတွက် တစ်ဆူလျှင် သံတံခါးပါ ငွေကျပ် ၃၆၀၀၀၀ (အလှူရှင် ကျောက်စာ ကမ္ပည်းပါ) လှူဒါန်းလိုသူများသည် ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း) ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး၊ စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ၆၄၀၄၈၉နှင့် အိမ်ဖုန်း-၆၄၃၈၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# သုံးခွမြို့ စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**သုံးခွ အောက်တိုဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွ မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ် လှူဒါန်းပွဲကို စက်တင်ဘာ ၃၀ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဂ္ဂဇင်း၄၄ အုပ်၊ ကောင်းမြတ် သမဝါယမအသင်း စုက မဂ္ဂဇင်း ၆၇အုပ်၊ ဦးနေအေး(နေ မိတ္တူ)က စာအုပ်မျိုးစုံအုပ်၅၀၊ သုံးခွမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးတင်ရွှေ- ဒေါ်ကြင်ယဉ် မိသားစုက **(အောက်ပုံ)** စာအုပ်မျိုးစုံ၂၂၅အုပ်ကို မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေထံ ပေးအပ်လှူဒါန်း ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုး၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့် အဖွဲ့ စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက် ပြီးဖြစ်သော မြသီ တာ ပန်းခြံအတွင်း လျှောက်လမ်းခင်း ခြင်း လုပ်ငန်းကို စက်တင်ဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)



မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင် သက်ရှည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ အောက်တိုဘာ ၃ရက်က မြို့အဝင် သာယာလှပရေးဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# စာဖတ်ဝိုင်းနှင့် နယ်လှည့်လှုပ်ရှားမှု ကျောက်တလုံးကြီး၌ ဆောင်ရွက်

**ကျောက်တလုံးကြီး အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နန်းမျိုးဆောင်းကျော်တို့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကက္ကူကျေးရွာအုပ်စု ကျောင်းထိုကျေးရွာ မူလတန်းလွန်ကျောင်းသို့ နယ်လှည့် လှုပ်ရှားမှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ စာဖတ်ပွဲကျင်းပရာ သတ္တမတန်းကျောင်းသူ နန်းဆုံက ထူးဆန်း သော ငလက်မနှင့် အခြားပုံပြင်မှ ဖြူစင်သောစေတနာ ပုံပြင်ကိုလည်းကောင်း၊ ဆဋ္ဌမတန်းကျောင်းသား ခွန်ချစ်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ် ၁၆မှ အလိမ္မာပုံဝတ္ထုမှ ဒုဋ္ဌကုမာရ ဇာနိပါတ်ကို ဖတ်ကြားပြီး ကျေးရွာသား ဦးတောက လူငယ်နှင့် ကြီးပွားရေးစာအုပ်မှ ချစ်နိုင်(စိတ်ပညာ)၏ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆောင်းပါးကိုလည်းကောင်း၊ ဒေါ်နန်းမျိုးဆောင်းကျော်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်၁၇မှ ညွန့်ဟံ(ကြူတော)၏ ကျေးလက်ပြည်သူ တို့၏ စာဖတ်ခွင့်ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ဒေါ်နန်းဆိုင်စိန်နှင့် ဒေါ်နန်းမျိုးဆောင်းကျော်တို့သည် ကက္ကူကျေးရွာအုပ်စုရှိ ကက္ကူမွေတော်ကျေးရွာ၊ ပုံလောင်းကျေးရွာ၊ ပန်ခက်(ခ) ပင်စုံရွာ၊ ထီထပ်ကျေးရွာနှင့် ဂနိုင်ထော့ကျေးရွာများသို့ စက်တင်ဘာ ၁၃ရက်မှ ၁၇ရက်အထိ နယ်လှည့်လှုပ်ရှားမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြတ်ပညာစာကြည့်တိုက် ကော်မတီများ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

**တောင်ကြီး အောက်တိုဘာ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်) မှ ဦးစီးအရာရှိ ဦးအေးဖေသည် တောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဒေါ်နန်းဦးခမ်း လိုက်ပါလျက် စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့နယ် ပင်ငိုစံပြကျေးရွာ မြတ်ပညာ စာကြည့် တိုက်ကော်မတီများနှင့်တွေ့ဆုံ၍ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် စာအုပ်များ အလှူခံရရှိရေး၊ ပရိဘောဂရရှိရေး၊ ကိုယ် ပိုင်အဆောက်အအုံ ပေ ၂၀ x ပေ ၂၀ ပတ်လည် သီးခြားဆောက်လုပ်နိုင်ရေး အတွက် ဆွေးနွေးကြသည်။

**ဆွေးနွေး**

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးရဲ မြင့်နှင့် စာကြည့်တိုက်တာဝန်ခံ ဦးမောင် ထွန်းတို့က စာကြည့်တိုက်နှင့်ပတ်သက်၍ လိုအပ်ချက်များ ပြန်လည်ဆွေးနွေးကြ ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# စုပေါင်းငါးလွှတ်ပွဲ မိတ္ထီလာမြို့၌ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၉**

မန္တလေးတိုင်း မိတ္ထီလာမြို့ ၂၀၀၇ခုနှစ် မိတ္ထီလာတောင်ကန်အတွင်းသို့ စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၈နာရီခွဲက မိတ္ထီလာကန်တံတားအရှေ့ထိပ် လင်းဇင်းရပ်ရှိ ငါးလွှတ်မည့်မဏ္ဍပ်တွင် ကျင်းပ သည်။

**စုပေါင်းငါးလွှတ်**

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်ဌေး၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက မိတ္ထီလာတောင်ကန်အတွင်းသို့ ငါးခုံးမ နှစ်သိန်း၊ ငါးမြစ်ချင်းတစ်သိန်း စုစုပေါင်း သုံးသိန်းကို စုပေါင်းငါးလွှတ် ပေးကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စက်ရေတွင်းပြုပြင်ထိန်းသိမ်း

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်း သော သောက်သုံးရေရရှိရေးအတွက် ရေတွင်းကျေးရွာတွင် တူးဖော်ဆောင် ရွက်သော စက်ရေတွင်းများ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းကို စက်တင် ဘာ ၂၀ ရက်က တာဝန်ခံအင်ဂျင် နီယာ ဦးမျိုးမင်းသန့် ကြပ်မတ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



# ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

## ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်—**

အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်—**

နယ်ချဲ့ခိုင်းဖတ် ခေဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။